မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၈ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund - CPF) အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာနေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လစဉ်ပင်စင်ထောက်ပံ့ပေးနိုင်ရေးတို့အတွက် **ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund - CPF) အကောင်အထည်ဖော်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဌ) ဦးဝင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပင်စင်ဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund - CPF) အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်နှင့် သက်ကြီးရွယ်အိုထောက်ပံ့မှုစနစ်များအရ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေပုံစံ မူကြမ်းဖော်ဆောင်ခြင်း၊

(ခ) နိုင်ငံတကာအတွေ့အကြုံရှိ အတိုင်ပင်ခံပုဂ္ဂိုလ်များရှာဖွေ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေရေးဆွဲနိုင်ရန် ပါဝင်ရမည့် အခြေခံမူဝါဒများချမှတ်ခြင်း၊

(ဃ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်သည့် Master Plan နှင့် Action Plan ရေးဆွဲခြင်း၊

(င) Master Plan နှင့် Action Plan များအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ကော်မတီသည် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ပါမောက္ခ ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေအရ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာမြင့်ထွေး — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ်မြင့်နွယ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) ဦးအောင်လှထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဦးတင်မြင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(င) ဦးဝင်းမော်ထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(စ) ဦးမောင်မောင်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာမြလေးစိန် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ "မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥပဒေ" ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်အတိုင်းဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

### လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီတွင် အဖွဲ့ဝင်ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီတွင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

### နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်သည့်အဖွဲ့ကို ဆိုသည်။

(ခ) **ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့**ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် အစုအဖွဲ့ကို ဆိုသည်။

(ဂ) **ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် အစုအဖွဲ့ကို ဆိုသည်။

(ဃ) **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့**ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့်အစုအဖွဲ့ကို ဆိုသည်။

(င) **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့ရက်ကို ဆိုသည်။

## အခန်း (၂)
## ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့တို့က ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း

### ဒုတိယသမ္မတလောင်း အဆိုပြုခြင်းနှင့် အဆိုပြုလွှာများ စိစစ်ခြင်း

၃။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်သက်တမ်း တစ်ရပ်၏ ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားမည့်ဖိတ်စာနှင့် အတူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအတွက် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကျင်းပရန်ရှိမည်ဖြစ်ကြောင်း အကြောင်းကြားစာကို နာယက၏ လမ်းညွှန်ချက်နှင့်အညီ ပူးတွဲပေးပို့ရမည်။

၄။ နာယကသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဒုတိယသမ္မတတစ်ဦးစီ ရွေးချယ်တင်မြှောက်နိုင်ရန် အစုအဖွဲ့အစည်းအဝေးများ စတင် ကျင်းပပြုလုပ်ရမည့်နေ့ရက်ကို ၂၁ ရက်ထက်မပိုသော ကာလသတ်မှတ်၍ အစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီ၏ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း ကြေညာရမည်။

၅။ အစုအဖွဲ့၏ ဒုတိယသမ္မတ တစ်ဦးစီ ရွေးချယ်တင်မြှောက်ရာတွင် -

(က) ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့သည် ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်။

(ခ) ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သည် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်။

၆။ အစုအဖွဲ့၏ ဒုတိယသမ္မတတစ်ဦးစီ ရွေးချယ်တင်မြှောက်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို ကျင်းပရန် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ဖိတ်ကြားရမည်။

၇။ ထိုသို့ ဖိတ်ကြားရာတွင် အစုအဖွဲ့အလိုက် ဒုတိယသမ္မတလောင်းအမည်ကိုအဆိုပြုလိုသော လွှတ်တော် ကိုယ်စားလှယ်သည် သက်ဆိုင်ရာလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ထံတွင် အဆိုပြုလွှာ ပုံစံ (၁) ကို ယင်းအစုအဖွဲ့အစည်းအဝေးတွင် ထုတ်ယူနိုင်ကြောင်း အစည်းအဝေးဖိတ်စာ၌ ဖော်ပြ၍ ကြိုတင်အသိပေးရမည်။

၈။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း ကြီးကြပ်ကွပ်ကဲရမည်။ ယင်းရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ရမည်။

၉။ အစုအဖွဲ့၏ ဒုတိယသမ္မတတစ်ဦးစီ ရွေးချယ်တင်မြှောက်ရေးအတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာအစုအဖွဲ့အလိုက် ဒုတိယသမ္မတလောင်းများ အဆိုပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍သော်လည်းကောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား အဆိုပြုနိုင်သည်။

၁၀။ နည်းဥပဒေ ၉ အရ အဆိုပြုလိုသော လွှတ်တော်ကိုယ်စားလှယ်သည် အဆိုပြုလွှာ ပုံစံ (၁) ကို အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေသော သက်ဆိုင်ရာ လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ထံတွင် ထုတ်ယူရမည်။

၁၁။ အစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် ဒုတိယသမ္မတလောင်းတစ်ဦးကို တစ်ဦးချင်းအဆိုပြုလိုသော လွှတ်တော်ကိုယ်စားလှယ်က လည်းကောင်း၊ စုပေါင်း၍ အဆိုပြုလိုသော လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်းကောင်း အဆိုတင်သွင်း၍ ကျန်လွှတ်တော်ကိုယ်စားလှယ်များအနက်မှ တစ်ဦးစီက သက်ဆိုင်ရာအဆိုအသီးသီးကို ထောက်ခံရမည်။

၁၂။ နည်းဥပဒေ ၁၁ အရ အဆိုပြုပြီးထောက်ခံသော ဒုတိယသမ္မတလောင်းနှင့်သက်ဆိုင်သည့် အချက်အလက်များဖော်ပြထားသည့် အဆိုပြုလွှာ ပုံစံ (၁) ကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ယင်းသို့ တင်ပြရာ၌ ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုခြင်းကို လက်ခံသဘောတူကြောင်းနှင့် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံကြောင်း အဆိုပြုခံရသူ၏ ဝန်ခံကတိပြုလွှာကိုပါ ပူးတွဲတင်ပြရမည်။

၁၃။ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် အဆိုပြုလွှာ ပုံစံ (၁) ဖြင့် တင်ပြသော ဒုတိယသမ္မတလောင်း အမည်များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးတွင် ကြေညာရမည်။

ယင်းသို့ ကြေညာပြီးနောက် အဆိုပြုလွှာများကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကိုပြုစုနိုင်ရန် အစည်းအဝေးကို တစ်ရက်ထက် မပိုသောကာလသတ်မှတ်၍ ရပ်နားရမည်။

**ဆန္ဒမဲပေးခြင်းနှင့် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာခြင်း**

၁၄။ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် အဆိုပြုလွှာပါ ဒုတိယသမ္မတလောင်းများ၏ အမည်စာရင်းကို အမည်အက္ခရာစဉ်အလိုက် သက်ဆိုင်ရာလွှတ်တော်ရုံး တာဝန်ရှိဝန်ထမ်းအား ပုံစံ (၂) ဖြင့် ပြုစုစေရမည်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဒုတိယသမ္မတလောင်းအမည်စာရင်းတင်သွင်းရာ၌ ဒုတိယသမ္မတလောင်းတစ်ဦးတည်းသာရှိလျှင် ယင်းအား အစုအဖွဲ့၏ ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြောင်း သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ကြေညာရမည်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဒုတိယသမ္မတလောင်းအမည်စာရင်း တင်သွင်းရာ၌ ဒုတိယသမ္မတလောင်းတစ်ဦးထက်ပို၍ ပါရှိလျှင် အစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းကို ဆန္ဒမဲလက်မှတ် ပုံစံ (၃) ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက ကြေညာရမည်။

၁၇။ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့နှင့်အတူ ဆန္ဒမဲ ပေးရမည်။

၁၈။ နည်းဥပဒေ ၁၆ အရ ကြေညာပြီးနောက် အစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ ရှေ့မှောက်၌ ပြုလုပ်ရမည်။

(ခ) ဆန္ဒမဲပေးပွဲလုပ်ငန်းကို တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌအား အထောက်အကူပြုရန် သက်ဆိုင်ရာလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ရုံးအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးခေါင်းဆောင်သည့် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းရမည်။ ဝန်ထမ်း တစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုလည်း ကြိုတင်သတ်မှတ်ထားရှိရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းများသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ အပါအဝင် အထောက်အကူပြုပစ္စည်း၊ ကိရိယာများကို စီစဉ်ထားရှိရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် လျှို့ဝှက်ဆန္ဒမဲပေးရာတွင် လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန် သက်ဆိုင်ရာအစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိ ရမည်။

(င) သက်ဆိုင်ရာလွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ အတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ (၃) များကို သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၄) ၌ ဖြည့်သွင်းပြုစုပြီး သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက် ရယူ၍ လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

(စ) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင် ပြသပြီး ဆန္ဒမဲပုံးများကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ မြင်နိုင်သောနေရာတွင် ထားရှိရမည်။

(ဆ) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့သည် ဆန္ဒမဲလက်မှတ် ပုံစံ (၃) ကို ဆန္ဒမဲလက်မှတ်ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းထံမှ လက်ခံရရှိကြောင်း ပုံစံ (၅) တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။

(ဇ) နည်းဥပဒေခွဲ (ဆ) အရ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔) ကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့်ကြက်ခြေအမှတ်အသား (✘) ကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ထည့်ရမည်။

(ဈ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့ လဲလှယ်သည့်နေရာ၌ပင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်ကိုယ်တိုင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။

(ည) ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပုံစံ (၆) တွင် ဖြည့်သွင်းပြုစု၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်။

(ဋ) ဒုတိယသမ္မတလောင်း တစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် ဆန္ဒမဲပုံးများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံး ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။

(၂) ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်အား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၃) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်သို့ ပုံစံ (၅) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီခြင်း ရှိ မရှိ လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က စိစစ်ရမည်။

(၄) ပုံစံ (၅) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကပိုနေကြောင်း လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က တင်ပြလာလျှင် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ် ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာရမည်။

(၅) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်သို့ ပုံစံ (၅) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့်အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ်မရှိပါက မရှိကြောင်းကိုလည်းကောင်း လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလာသည့်အခါ ဥက္ကဋ္ဌက ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲ လက်မှတ်များကို ရေတွက်စေရမည်။

၁၉။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ ဒုတိယသမ္မတလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြ၍ မှန်ကန်ပါက ဥက္ကဋ္ဌသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) ဒုတိယသမ္မတလောင်း တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား (✔) နှင့် ကြက်ခြေအမှတ်အသား (✘) များမှအပ အခြားအမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ် ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

၂၀။ လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အောက်ပါဆန္ဒမဲ လက်မှတ်အရေအတွက်များကို ပုံစံ (၇-က) နှင့် ပုံစံ (၇-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့် လည်းကောင်း ဖြည့်စွက်၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည် -

(က) ပုံစံ (၇-က) တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ် အရေအတွက်၊

(ခ) ပုံစံ (၇-ခ) တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ် အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ် အရေအတွက်။

၂၁။ ဒုတိယသမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို လွှတ်တော်ရုံးအလိုက် တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပုံစံ (၈) တွင် ဖြည့်စွက်၍ သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

၂၂။ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် ပုံစံ (၈) အရ ဒုတိယသမ္မတလောင်းများရရှိသည့် ထောက်ခံ ဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကို အစုအဖွဲ့၏ ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာရမည်။

၂၃။ ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ရရှိသည့် ထောက်ခံဆန္ဒမဲနည်းသူများကိုပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁ တို့ပါ နည်းလမ်းနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ထပ်မံကျင်းပ ရမည်။

၂၄။ ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တရပ်နားရမည်။

၂၅။ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ နည်းဥပဒေ ၂၃ နှင့်အညီ ဆောင်ရွက်၍ အစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရရှိသည်အထိ ဆက်လက်ကျင်းပပေးရမည်။

၂၆။ နည်းဥပဒေ ၂၃၊ ၂၄ နှင့် ၂၅ တို့ပါအတိုင်း ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူအား အစုအဖွဲ့၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ကြေညာရမည်။

၂၇။ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အစုအဖွဲ့၏ ဒုတိယသမ္မတ အမည်စာရင်းကို နာယကထံ ပေးပို့တင်ပြရမည်။

## အခန်း (၃)
## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း

၂၈။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သည် -

(က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသောနေရာတွင် ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကျင်းပသည့် ရွေးချယ်တင်မြှောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် အစုအဖွဲ့၏ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ရမည်။

၂၉။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က တာဝန်ပေးအပ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ (ခ) အရ ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့၏ ဒုတိယသမ္မတ အမည်စာရင်းကို နာယကထံ ပေးပို့တင်ပြရမည်။

## အခန်း (၄)
## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း

### နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ခြင်း

၃၀။ နာယကသည် နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊

(ခ) ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊

(ဂ) ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊

(ဃ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး။

၃၁။ နည်းဥပဒေ ၃၀ အရ ဖွဲ့စည်းထားသော စိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇ နှင့် ၂၉ တို့အရ ပေးပို့တင်ပြထားသည့် သက်ဆိုင်ရာအစုအဖွဲ့၏ ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်။

၃၂။ နည်းဥပဒေ ၃၁ အရ စိစစ်ရေးအဖွဲ့က စိစစ်ရာတွင် -

(က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ စိစစ်အတည်ပြုချက်ကို ရယူနိုင်သည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာအစုအဖွဲ့၏ ဒုတိယသမ္မတထံမှ အထောက်အထားများကို တောင်းယူနိုင်သည်။

၃၃။ နာယကသည် နည်းဥပဒေ ၃၀ ပါ စိစစ်ရေးအဖွဲ့၏ စိစစ်မှုအရ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသော အစုအဖွဲ့၏ ဒုတိယသမ္မတအစား အမည်စာရင်းအသစ်တင်သွင်းရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့သို့ အကြောင်းကြားရမည်။

၃၄။ နည်းဥပဒေ ၃၃ အရ အကြောင်းကြားချက်ကို လက်ခံရရှိသော -

(က) ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ သို့မဟုတ် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့သည် အစုအဖွဲ့၏ ဒုတိယသမ္မတအသစ် ပြန်လည်ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် နည်းဥပဒေ ၉ မှ ၂၇ အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့သည် အစုအဖွဲ့၏ ဒုတိယသမ္မတ အသစ်ပြန်လည်ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် နည်းဥပဒေ ၂၈ နှင့် ၂၉ တို့ပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ပြန်လည်ရွေးချယ်တင်မြှောက်သော အစုအဖွဲ့၏ ဒုတိယသမ္မတအသစ်အား နိုင်ငံတော်သမ္မတအတွက် သတ်မှတ်သည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ ကို နည်းဥပဒေ ၃၀ ပါ စိစစ်ရေးအဖွဲ့က နည်းဥပဒေ ၃၁၊ ၃၂ တို့နှင့်အညီ စိစစ်ရမည်။

## ဆန္ဒမဲပေးခြင်းနှင့် ရွေးချယ်တင်မြှောက်ကြောင်းကြေညာခြင်း

၃၆။ နည်းဥပဒေ ၃၀ ပါ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံ၍ အတည်ပြုပြီးသော အစုအဖွဲ့၏ ဒုတိယသမ္မတ သုံးဦးရရှိပြီးနောက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတလောင်းအမည်စာရင်း ပုံစံ (၉) ကို ပြုစုရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ ပြုစုထားသော နိုင်ငံတော်သမ္မတလောင်း အမည်စာရင်း ပုံစံ (၉) ပါအတိုင်း အမည်စာရင်းကို ဆန္ဒမဲလက်မှတ် ပုံစံ (၁၀) တွင် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူ ဖြည့်သွင်းရမည်။

၃၈။ နည်းဥပဒေ ၃၆ အရ နိုင်ငံတော်သမ္မတလောင်း အမည်စာရင်း ပြုစုပြီးနောက် ရုံးပိတ်ရက်မပါ သုံးရက်အတွင်း မည်သည့်နေ့ရက်နှင့်အချိန်တွင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း နာယက က ကြေညာရမည်။

၃၉။ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရမည်။ ယင်းနိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

၄၀။ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ် ပုံစံ (၁၀) ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရမည်။

၄၁။ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် နာယကနှင့် ဒုတိယနာယကတို့သည် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များနှင့်အတူ ဆန္ဒမဲပေးရမည်။

၄၂။ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် နိုင်ငံတော်သမ္မတလောင်းတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်လျှင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များနည်းတူ ဆန္ဒမဲပေးရမည်။

၄၃။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို နာယကအပါအဝင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ ပြုလုပ်ရမည်။

( ခ ) ဆန္ဒမဲပေးပွဲလုပ်ငန်းကို တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့် နာယကအား အထောက်အကူပြုရန် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး ခေါင်းဆောင်သည့် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းရမည်။ ထို့ပြင် ဝန်ထမ်းတစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ကြိုတင်သတ်မှတ်ထားရှိရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ အပါအဝင် အထောက်အကူပြုပစ္စည်း၊ ကိရိယာများကို စီစဉ်ထားရှိရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းများသည် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိရမည်။

( င ) ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ (၁၀) များကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁) ၌ ဖြည့်သွင်းပြုစုပြီး နာယကထံ တင်ပြအတည်ပြုချက်ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။

( စ ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းများသည် ဆန္ဒမဲပေးပွဲမစတင်မီ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ မြင်နိုင်သောနေရာတွင် ထားရှိရမည်။

(ဆ) သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များသည် ဆန္ဒမဲလက်မှတ် ပုံစံ (၁၀) ကို ဆန္ဒမဲလက်မှတ် ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းထံမှ လက်ခံရရှိကြောင်း ပုံစံ (၁၂) တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။

( ဇ ) နည်းဥပဒေခွဲ (ဆ) အရ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔) ကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား (✘) ကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဈ) သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့ လဲလှယ်သည့်နေရာ၌ပင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်ကိုယ်တိုင် နာယက၏ ရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။

(ည) ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပုံစံ (၁၃) တွင် ဖြည့်သွင်းပြုစုပြီး နာယကထံ တင်ပြအတည်ပြုချက်ရယူ၍ လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

( ဋ ) နိုင်ငံတော်သမ္မတလောင်း တစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) နာယကသည် ဆန္ဒမဲပုံးများကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။

(၂) ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်အား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၃) သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသို့ ပုံစံ (၁၂) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီခြင်း ရှိ မရှိ ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသော ဒုတိယညွှန်ကြားရေးမှူးချုပ်က စိစစ်ရမည်။

(၄) ပုံစံ (၁၂) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲ လက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က ပိုနေကြောင်း ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်ကတင်ပြလာလျှင် နာယကသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာရမည်။

(၅) သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသို့ ပုံစံ (၁၂) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့်အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲ လက်မှတ်မရှိပါက မရှိကြောင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က နာယကထံ တင်ပြလာသည့်အခါ နာယက က ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ရေတွက်စေရမည်။

၄၄။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ နိုင်ငံတော်သမ္မတလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကိုတွေ့ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်က နာယကထံ တင်ပြ၍ မှန်ကန်ပါက နာယကသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) နိုင်ငံတော်သမ္မတလောင်း တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား (✔) နှင့် ကြက်ခြေအမှတ်အသား (✘) များမှအပ အခြားအမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

၄၅။ ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ပေးအပ်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အောက်ပါဆန္ဒမဲလက်မှတ် အရေအတွက်များကို ပုံစံ (၁၄-က) နှင့် ပုံစံ (၁၄-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်၍ နာယကထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည် -

(က) ပုံစံ (၁၄-က) တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ်အရေအတွက်၊

(ခ) ပုံစံ (၁၄-ခ) တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၄၆။ နိုင်ငံတော်သမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ပုံစံ (၁၅) တွင် ဖြည့်စွက်၍ နာယကထံ တင်ပြ အတည်ပြုချက်ရယူပြီး နည်းဥပဒေ ၃၀ ပါ စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။

၄၇။ နာယကသည် ပုံစံ (၁၅) အရ နိုင်ငံတော်သမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာရမည်။

၄၈။ သမ္မတလောင်း သုံးဦးလုံးရရှိသော ဆန္ဒမဲတူညီနေလျှင် ထပ်မံ ဆန္ဒမဲပေးခြင်းကိုလည်းကောင်း၊ ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦးတူညီနေလျှင် ထောက်ခံဆန္ဒမဲ နည်းသူကိုပယ်၍ ဆန္ဒမဲတူညီနေသူ နှစ်ဦးအား ထပ်မံဆန္ဒမဲပေးခြင်းကိုလည်းကောင်း နည်းဥပဒေ ၄၃၊ ၄၄၊ ၄၅ နှင့် ၄၆ တို့ပါ နည်းလမ်းများနှင့်အညီ နာယက က ထပ်မံကျင်းပရမည်။

၄၉။ နည်းဥပဒေ ၄၈ အရ ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ သုံးဦး သို့မဟုတ် နှစ်ဦး ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက်ခေတ္တရပ်နားရမည်။

၅၀။ နာယကသည် ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ နည်းဥပဒေ ၄၈ နှင့်အညီ ဆောင်ရွက်၍ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရရှိသည်အထိ ဆက်လက်ကျင်းပပေးရမည်။

၅၁။ နာယကသည် နည်းဥပဒေ ၄၈၊ ၄၉ နှင့် ၅၀ တို့ပါအတိုင်း ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသူအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီး ဒုတိယသမ္မတနှစ်ဦး၏ အမည်များကိုလည်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် ကြေညာရမည်။ ထို့ပြင် ယင်းသို့ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ နှစ်ဦးတို့၏ အမည်ကို နိုင်ငံတော်ပြန်တမ်းတွင်လည်း ထုတ်ပြန်ကြေညာရမည်။

၅၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသောနေ့ရက်တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကိစ္စကိုသာ ဆောင်ရွက်ရမည်။

၅၃။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နည်းဥပဒေ ၄၇ နှင့် ၅၁ တို့အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၅)

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတရာထူးနေရာ လစ်လပ်လျှင် အစားထိုးရွေးချယ်တင်မြှောက်ခြင်း

### နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်လျှင် အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၅၄။ (က) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်သွားသည့်အချိန်တွင် ယာယီသမ္မတအဖြစ်

တာဝန်ထမ်းဆောင်သူက ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးကို ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် နာယကထံ ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) ယာယီသမ္မတက နည်းဥပဒေခွဲ (က) အရ အကြောင်းကြားလာသည့်အခါ သမ္မတရာထူး နေရာလစ်လပ်၍ အစားထိုးရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာရမည်။

**ခြွင်းချက်။** နိုင်ငံတော်သမ္မတက ရာထူးသက်တမ်းမကုန်ဆုံးမီ ယင်း၏ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့် တင်ပြလာခြင်းဖြစ်လျှင် နာယကသည် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာနှင့်အတူ လွှတ်တော်သို့ တင်ပြအသိပေး၍ နုတ်ထွက်ခွင့် ပြုရမည်။

(ဂ) ထို့ပြင် လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတကို အစုအဖွဲ့၏ ဒုတိယသမ္မတအဖြစ် ဦးစွာ ရွေးချယ်တင်မြှောက်ပေးခဲ့သည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဤနည်းဥပဒေများပါ နည်းလမ်းနှင့်အညီ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက် ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က အစုအဖွဲ့၏ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပြီးသည့်အခါ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် ဒုတိယသမ္မတ သုံးဦးအနက် ဒုတိယသမ္မတတစ်ဦးကို ဤနည်းဥပဒေများပါ နည်းလမ်းနှင့်အညီ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်။

၅၅။ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ခြင်းသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် နာယကသည် ယာယီသမ္မတထံမှ အကြောင်းကြားစာရရှိသည့်နေ့ရက်မှစ၍ ၂၁ ရက်အတွင်း ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသည့် နိုင်ငံတော်သမ္မတရာထူးနေရာအတွက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းကို ဤနည်းဥပဒေများပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၅၆။ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသောနေ့ရက်တွင် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းကိစ္စကိုသာ ဆောင်ရွက်ရမည်။

၅၇။ နိုင်ငံတော်သမ္မတ ရာထူးနေရာလစ်လပ်မှုအရ ဤနည်းဥပဒေများပါ နည်းလမ်းများနှင့်အညီ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၅၈။ နိုင်ငံတော်သမ္မတ ရာထူးနေရာလစ်လပ်မှုအရ ဤနည်းဥပဒေများပါ နည်းလမ်းများနှင့်အညီ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ဒုတိယသမ္မတနှစ်ဦးသည်လည်း နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

**ဒုတိယသမ္မတ ရာထူးနေရာလစ်လပ်လျှင် အစားထိုး ရွေးချယ်တင်မြှောက်ခြင်း**

၅၉။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ အရ -

(က) ဒုတိယသမ္မတ ရာထူးနေရာ လစ်လပ်သွားသည့်အချိန်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန်ဖြစ်လျှင် လစ်လပ်သွားသည့် ဒုတိယသမ္မတရာထူးကို ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ဆောလျင်စွာအကြောင်းကြားရမည်။

(ခ) နိုင်ငံတော်သမ္မတက နည်းဥပဒေခွဲ (က) အရ အကြောင်းကြားလာသည့်အခါ ဒုတိယသမ္မတ ရာထူးနေရာလစ်လပ်၍ အစားထိုးရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာရမည်။

**ခြွင်းချက်။** ဒုတိယသမ္မတတစ်ဦးဦးက ရာထူးသက်တမ်းမကုန်ဆုံးမီ ယင်း၏ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့် တင်ပြလာခြင်းဖြစ်လျှင် နာယကသည် ဒုတိယသမ္မတ၏ အကြောင်းကြားစာနှင့်အတူ လွှတ်တော်သို့ တင်ပြအသိပေး၍ နုတ်ထွက်ခွင့်ပြုရမည်။

(ဂ) နာယကသည် ယင်းဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဤနည်းဥပဒေများပါ နည်းလမ်းနှင့်အညီ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက် နိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဃ) ဒုတိယသမ္မတရာထူးနေရာ လစ်လပ်သွားသောအချိန်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူကျင်းပရမည်။ ယင်းအစည်း အဝေးတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် ဤနည်းဥပဒေများပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၆၀။ ဒုတိယသမ္မတအသစ် ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသောနေ့ရက်တွင် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းကိစ္စကိုသာ ဆောင်ရွက်ရမည်။

၆၁။ နာယကသည် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံမှ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ နှင့်အညီ ရွေးချယ်တင်မြှောက်၍ ပေးပို့တင်ပြလာသည့် အစုအဖွဲ့၏ ဒုတိယသမ္မတအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ကြေညာရမည့်အပြင် နိုင်ငံတော် ပြန်တမ်းတွင်လည်း ထုတ်ပြန်ကြေညာရမည်။

၆၂။ ဒုတိယသမ္မတရာထူးနေရာလစ်လပ်မှုအရ ဤနည်းဥပဒေပါ နည်းလမ်းများနှင့်အညီ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ဒုတိယသမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

## အခန်း (၆)

## အထွေထွေ

၆၃။ နာယကသည် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေ့ရက်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတများထဲမှ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများ အားလည်း ဖိတ်ကြား၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမအတွင်း သင့်လျော်သည့်နေရာ စီစဉ် ပေးရမည်။

၆၄။ ပြည်ထောင်စုလွှတ်တော်ရုံးသည် နာယက၏လမ်းညွှန်မှုဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆောင်ရွက်ရမည်။

၆၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနည်းဥပဒေများအမှတ် ၈/၂၀၁၀) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

**ပုံစံ (၁)**

**အဆိုပြုလွှာအမှတ်စဉ် (    )**

ရုံးတံဆိပ်

**ရွေးကောက်ခံ ------------------- လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတလောင်း အဆိုပြုလွှာ**
**[နည်းဥပဒေ ၁၀]**

**ရက်စွဲ ----------**

ကျွန်ုပ်/ကျွန်ုပ်တို့သည် အောက်ပါပုဂ္ဂိုလ်အား ရွေးကောက်ခံ --------- လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုအပ်ပါသည် -

၁။ အမည် -----------------------------
၂။ လူမျိုး -----------------------------
၃။ မွေးသက္ကရာဇ်နှင့် အသက် -----------------------------
၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -----------------------------
၅။ မွေးဖွားရာဒေသ -----------------------------
၆။ နေရပ်လိပ်စာ -----------------------------
-----------------------------
၇။ မဲဆန္ဒနယ်/အလုပ်အကိုင် -----------------------------
၈။ အဘအမည်၊ -----------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် -----------------------------
မွေးဖွားရာဒေသ -----------------------------
၉။ အမိအမည်၊ -----------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် -----------------------------
မွေးဖွားရာဒေသ -----------------------------
၁၀။ ဇနီး/ခင်ပွန်းအမည်၊ -----------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် -----------------------------
မွေးဖွားရာဒေသ -----------------------------
၁၁။ တရားဝင်သား/သမီးအမည် (၁)-------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် -----------------------------
မွေးဖွားရာဒေသ -----------------------------
(နှစ်ဦးထက်ပိုလျှင်ပူးတွဲတင်ပြရန်) (၂)-------------------------
-----------------------------
၁၂။ တရားဝင်သား/သမီး၏ဇနီး/ (၁)-------------------------
ခင်ပွန်းအမည် -----------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် -----------------------------
မွေးဖွားရာဒေသ -----------------------------
(နှစ်ဦးထက်ပိုလျှင်ပူးတွဲတင်ပြရန်) (၂)-------------------------
-----------------------------

ကျွန်ုပ်/ကျွန်ုပ်တို့ အဆိုပြုသော ဒုတိယသမ္မတလောင်းသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံကြောင်း အာမခံပါသည်။ ထို့ပြင် ကျွန်ုပ်/ကျွန်ုပ်တို့ အဆိုပြုသော ဒုတိယသမ္မတလောင်းက ယင်းအား အဆိုပြုခြင်းကို လက်ခံသဘောတူကြောင်းနှင့် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံကြောင်း ဝန်ခံကတိပြုလွှာကို ပူးတွဲတင်ပြပါသည်။

| ထောက်ခံသူ | | အဆိုပြုသူ/အဆိုပြုသူများ | |
|---|---|---|---|
| လက်မှတ် | --------------- | လက်မှတ် | --------------- |
| အမည် | --------------- | အမည် | --------------- |
| မဲဆန္ဒနယ် | --------------- | မဲဆန္ဒနယ် | --------------- |
| အစုအဖွဲ့ | --------------- | အစုအဖွဲ့ | --------------- |
| | | လက်မှတ် | --------------- |
| | | အမည် | --------------- |
| | | မဲဆန္ဒနယ် | --------------- |
| | | အစုအဖွဲ့ | --------------- |

**ပုံစံ (၁) ၏ ပူးတွဲ**

**ရွေးကောက်ခံ ------------- လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ဒုတိယသမ္မတလောင်း အဖြစ် အဆိုပြုခြင်းကို လက်ခံသဘောတူကြောင်းနှင့် သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံကြောင်း ဝန်ခံကတိပြုလွှာ**

**ရက်စွဲ ----------**

ကျွန်ုပ်သည် ရွေးကောက်ခံ -------- လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုခြင်းကို လက်ခံသဘောတူကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသော သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံကြောင်း ဝန်ခံကတိပြုပါသည်။

| | |
|---|---|
| လက်မှတ် | ---------------------------- |
| အမည် | ---------------------------- |
| မဲဆန္ဒနယ်/အလုပ်အကိုင် | ---------------------------- |
| | ---------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------------------- |
| နေရပ်လိပ်စာ | ---------------------------- |
| | ---------------------------- |
| | ---------------------------- |

ပုံစံ (၂)

ရုံးတံဆိပ်

**ရွေးကောက်ခံ ------------------- လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတလောင်းအမည်စာရင်း**
**[နည်းဥပဒေ ၁၄]**

**ရက်စွဲ ---------------**

| အမှတ်စဉ် | ဒုတိယသမ္မတလောင်းအမည် (အက္ခရာစဉ်အလိုက်) | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မဲဆန္ဒနယ် | အလုပ်အကိုင် | ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |

လက်မှတ် ------------------------
အမည် ------------------------
ရာထူး ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံး -------------လွှတ်တော်ရုံး

**ပုံစံ (၃)**

ရုံးတံဆိပ်

**ဆန္ဒမဲလက်မှတ်**
**ရွေးကောက်ခံ ---------- လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း**
**[နည်းဥပဒေ ၁၆]**

**ရက်စွဲ ---------------**

| အမှတ်စဉ် | ဒုတိယသမ္မတလောင်းအမည် (အက္ခရာစဉ်အလိုက်) | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မဲဆန္ဒနယ် | အလုပ်အကိုင် | ပါတီ | တစ်သီးပုဂ္ဂလ | ထောက်ခံ (Â) ကန့်ကွက် (â) |
|---|---|---|---|---|---|---|---|
| ၁ | | | | | | | |
| ၂ | | | | | | | |
| ၃ | | | | | | | |
| ၄ | | | | | | | |
| ၅ | | | | | | | |
| ၆ | | | | | | | |
| ၇ | | | | | | | |
| ၈ | | | | | | | |
| ၉ | | | | | | | |
| ၁၀ | | | | | | | |

**မှတ်ချက်**။ ထောက်ခံသူ တစ်ဦးတည်းကိုသာ အမှန်အမှတ်အသား (Â) ပြရန်နှင့် ကန့်ကွက်သူများကို ကြက်ခြေအမှတ်အသား (â) ပြရန် ဖြစ်ပါသည်။

လက်မှတ် ------------------------
အမည် ------------------------
ရာထူး ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံး -------------လွှတ်တော်ရုံး

**ပုံစံ (၄)**

ရုံးတံဆိပ်

**ရွေးကောက်ခံ ---------- လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲအတွက်**
**ယူဆောင်လာသော ဆန္ဒမဲလက်မှတ် အရေအတွက်ကို**
**မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၁၈ (င)]**
**ရက်စွဲ ----------**

ရွေးကောက်ခံ ------------ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲတွင် အသုံးပြုရန် ယူဆောင်လာသော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ --------------- (                                  တိတိ) ဖြစ်ပါသည်။

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ----------------------- | လက်မှတ် | ------------------- |
| အမည် | ----------------------- | အမည် | ------------------- |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | ဥက္ကဋ္ဌ |
| ရုံး | ------------လွှတ်တော်ရုံး | | ---------လွှတ်တော် |

**ပုံစံ (၅)**

ရုံးတံဆိပ်

**ရွေးကောက်ခံ -------- ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရာတွင်**
**ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိကြောင်းလက်မှတ်ရေးထိုးရန်ပုံစံ**
**[ နည်းဥပဒေ ၁၈ (ဆ) ]**
**ရက်စွဲ ---------------**

| အမှတ်စဉ် | ဆန္ဒမဲလက်မှတ် ထုတ်ယူသူအမည် | မဲဆန္ဒနယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ

လက်မှတ်    ------------------------
အမည်    ------------------------
ရာထူး    ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံး    ------------လွှတ်တော်ရုံး

**ပုံစံ (၆)**

(ရုံးတံဆိပ်)

**ရွေးကောက်ခံ ----------ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲတွင်**
**ဖျက်ဆီးပစ်သော ဆန္ဒမဲလက်မှတ်အရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၁၈ (ည)]**
**ရက်စွဲ ----------------**

ဆန္ဒမဲပေးပွဲတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်းရေးသားမိ၍ ဆန္ဒမဲလက်မှတ်အသစ်ဖြင့် လဲလှယ်ပေးပြီး ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်သည့်အရေအတွက်မှာ ------------------- (                    တိတိ) ဖြစ်ပါသည်။

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ----------------- | လက်မှတ် | ----------------- |
| အမည် | ----------------- | အမည် | ----------------- |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | ဥက္ကဋ္ဌ |
| ရုံး | ---------- လွှတ်တော်ရုံး | | ------------- လွှတ်တော် |

**ပုံစံ (၇-က)**

(ရုံးတံဆိပ်)

**ရွေးကောက်ခံ ----------ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရာတွင်**
**ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၂၀ (က)]**
**ရက်စွဲ ----------------**

(က) ဆန္ဒမဲပုံးထဲသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ---- (            တိတိ)

(ခ) တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- (            တိတိ)

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ---- (            တိတိ)

(ဃ) အမှန်အမှတ်အသား ( ✔ ) နှင့် ကြက်ခြေအမှတ်အသား ( ✘ ) များမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- (            တိတိ)

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲ လက်မှတ်အရေအတွက် ---- (            တိတိ)

(စ) လွှတ်တော်ရုံးမှ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- (   တိတိ)

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်အရေအတွက် ---- (   တိတိ)

ပယ်မဲအရေအတွက် စုစုပေါင်း = ---- (   တိတိ)

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------ |
| အမည် | ------------------ | အမည် | ------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | ဥက္ကဋ္ဌ |
| ရုံး | ---------- လွှတ်တော်ရုံး | | ------------ လွှတ်တော် |

**ပုံစံ (၇-ခ)**

ရုံးတံဆိပ်

**ရွေးကောက်ခံ---------ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရာတွင်**
**ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော ဆန္ဒမဲအရေအတွက်ကို**
**မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၂၀ (ခ)]**
**ရက်စွဲ ----------------**

(က) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲ လက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက် ---- (   တိတိ)

(ခ) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့်ဆန္ဒမဲ လက်မှတ်အရေအတွက် ---- (   တိတိ)

စုစုပေါင်း = ---- (   တိတိ)

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------ |
| အမည် | ------------------ | အမည် | ------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | ဥက္ကဋ္ဌ |
| ရုံး | -------------- လွှတ်တော်ရုံး | | --------------- လွှတ်တော် |

**ပုံစံ (၈)**

(ရုံးတံဆိပ်)

**ရွေးကောက်ခံ ----------ကိုယ်စားလှယ်များအစုအဖွဲ့၏**
**ဒုတိယသမ္မတလောင်းတစ်ဦးချင်းရရှိသော**
**ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်း**
**[နည်းဥပဒေ ၂၁]**
**ရက်စွဲ ----------------**

| အမှတ်စဉ် | ဒုတိယ သမ္မတလောင်း အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မဲဆန္ဒနယ် | အလုပ်အကိုင် | ပါတီ | တစ်သီးပုဂ္ဂလ | ရရှိသည့် ထောက်ခံ ဆန္ဒမဲစုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | | | | | | | ----- ( တိတိ) |
| ၂ | | | | | | | ----- ( တိတိ) |
| ၃ | | | | | | | ----- ( တိတိ) |
| ၄ | | | | | | | ----- ( တိတိ) |
| ၅ | | | | | | | ----- ( တိတိ) |
| ၆ | | | | | | | ----- ( တိတိ) |
| ၇ | | | | | | | ----- ( တိတိ) |
| ၈ | | | | | | | ----- ( တိတိ) |
| ၉ | | | | | | | ----- ( တိတိ) |
| ၁၀ | | | | | | | ----- ( တိတိ) |

မှန်ကန်ကြောင်း အတည်ပြုသည်။

လက်မှတ် ------------------
အမည် ------------------
ရာထူး ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံး ---------- လွှတ်တော်ရုံး

လက်မှတ် ------------------
အမည် ------------------
တာဝန် ဥက္ကဋ္ဌ
------------ လွှတ်တော်

**ပုံစံ (၉)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတလောင်းအမည်စာရင်း**
**[နည်းဥပဒေ ၃၆]**
**ရက်စွဲ ----------------**

| အမှတ်စဉ် | နိုင်ငံတော်သမ္မတလောင်းအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ် | အလုပ်အကိုင် | ပါတီ | တစ်သီးပုဂ္ဂလ | အစုအဖွဲ့ |
|---|---|---|---|---|---|---|---|
| ၁ | | | | | | | ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂ | | | | | | | ရွေးကောက်ခံ အမျိုးသားလွှတ်တော်၊ ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၃ | | | | | | | တပ်မတော်သားလွှတ်တော်၊ ကိုယ်စားလှယ်များ အစုအဖွဲ့ |

မှန်ကန်ကြောင်း အတည်ပြုသည်။

**စိစစ်ရေးအဖွဲ့ဝင်များ**

**အမည်စာရင်းပြုစုသူ**

လက်မှတ် ------------------
အမည် ------------------
ရာထူး ညွှန်ကြားရေးမှူးချုပ်
ရုံး ပြည်ထောင်စုလွှတ်တော်ရုံး

၁။ လက်မှတ် ------------------
အမည် ------------------
တာဝန် ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

၂။ လက်မှတ် ------------------
အမည် ------------------
တာဝန် ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

၃။ လက်မှတ် ------------------
အမည် ------------------
တာဝန် ဒုတိယဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

၄။ လက်မှတ် ------------------
အမည် ------------------
တာဝန် ဒုတိယဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

၅။ လက်မှတ် ------------------
အမည် ------------------
တာဝန် ကိုယ်စားလှယ်
ရွေးကောက်ခံ
ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

၆။ လက်မှတ် ------------------
အမည် ------------------
တာဝန် ကိုယ်စားလှယ်
ရွေးကောက်ခံ
အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

၇။ လက်မှတ် ------------------
အမည် ------------------
တာဝန် ကိုယ်စားလှယ်
တပ်မတော်သားလွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

**ပုံစံ (၁၀)**

ရုံးတံဆိပ်

**ဆန္ဒမဲလက်မှတ်**
**နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း**
**[နည်းဥပဒေ ၃၇]**
**ရက်စွဲ ----------------**

| အမှတ်စဉ် | နိုင်ငံတော်သမ္မတလောင်းအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မဲဆန္ဒနယ် | အလုပ်အကိုင် | ပါတီ | တစ်သီးပုဂ္ဂလ | အစုအဖွဲ့ | ထောက်ခံ ( ) ကန့်ကွက် ( ) |
|---|---|---|---|---|---|---|---|---|
| ၁ | | | | | | | ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ | |
| ၂ | | | | | | | ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ | |
| ၃ | | | | | | | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ | |

**မှတ်ချက်**။ ထောက်ခံသူတစ်ဦးတည်းကိုသာ အမှန်အမှတ်အသား ( ) ပြုရန်နှင့် ကန့်ကွက်သူများကို ကြက်ခြေအမှတ်အသား ( ) ပြုရန် ဖြစ်ပါသည်။

လက်မှတ် ------------------
အမည် ------------------
ရာထူး ညွှန်ကြားရေးမှူးချုပ်
ရုံး ပြည်ထောင်စုလွှတ်တော်ရုံး

**ပုံစံ (၁၁)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအတွက်**
**ယူဆောင်လာသော ဆန္ဒမဲလက်မှတ်အရေအတွက်ကို**
**မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၄၃ (င)]**
**ရက်စွဲ ----------------**

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် အသုံးပြုရန် ယူဆောင်လာသော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ --- (                    တိတိ) ဖြစ်ပါသည်။

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------ |
| အမည် | ------------------ | အမည် | ------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | နာယက |
| ရုံး | ပြည်ထောင်စုလွှတ်တော်ရုံး | | ပြည်ထောင်စုလွှတ်တော် |

**ပုံစံ (၁၂)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာတွင်**
**ဆန္ဒမဲလက်မှတ်လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ**
**[နည်းဥပဒေ ၄၃ (ဆ)]**
**ရက်စွဲ ----------------**

| **အမှတ်စဉ်** | **ဆန္ဒမဲလက်မှတ် ထုတ်ယူသူအမည်နှင့် မဲဆန္ဒနယ်** | **လွှတ်တော်** | **လက်မှတ်** | **မှတ်ချက်** |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ

| | |
|---|---|
| လက်မှတ် | ------------------------ |
| အမည် | ------------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ရုံး | ပြည်ထောင်စုလွှတ်တော်ရုံး |

**ပုံစံ (၁၃)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင်**
**ဖျက်ဆီးပစ်သော ဆန္ဒမဲလက်မှတ်အရေအတွက်ကို**
**မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၄၃ (ည)]**
**ရက်စွဲ ----------------**

ဆန္ဒမဲပေးပွဲတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်းရေးသားမိ၍ ဆန္ဒမဲလက်မှတ်အသစ်ဖြင့် လဲလှယ်ပေးပြီး ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်သည့်အရေအတွက်မှာ ----------------- ( တိတိ) ဖြစ်ပါသည်။

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ----------------- | လက်မှတ် | ----------------- |
| အမည် | ----------------- | အမည် | ----------------- |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | နာယက |
| ရုံး | ပြည်ထောင်စုလွှတ်တော်ရုံး | | ပြည်ထောင်စုလွှတ်တော် |

**ပုံစံ (၁၄-က)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာတွင်**
**ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၄၅ (က)]**
**ရက်စွဲ ----------------**

(က) ဆန္ဒမဲပုံးထဲသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

( ခ ) တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

( ဂ ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

(ဃ) အမှန်အမှတ်အသား ( ✔ ) နှင့် ကြက်ခြေအမှတ်အသား ( ✘ ) များမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

( င ) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲ လက်မှတ်အရေအတွက် ---- ( တိတိ)

(စ) လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်အရေအတွက် ---- ( တိတိ)

ပယ်မဲအရေအတွက် စုစုပေါင်း = ---- ( တိတိ)

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------ |
| အမည် | ------------------ | အမည် | ------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | နာယက |
| ရုံး | ပြည်ထောင်စုလွှတ်တော်ရုံး | | ပြည်ထောင်စုလွှတ်တော် |

**ပုံစံ (၁၄-ခ)**

ရုံးတံဆိပ်

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာတွင်**
**ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော**
**ဆန္ဒမဲအရေအတွက်ကို မှတ်တမ်းတင်ရန်ပုံစံ**
**[နည်းဥပဒေ ၄၅ (ခ)]**
**ရက်စွဲ ----------------**

(က) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲ လက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက် ---- ( တိတိ)

(ခ) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့်ဆန္ဒမဲ လက်မှတ်အရေအတွက် ---- ( တိတိ)

စုစုပေါင်း = ---- ( တိတိ)

မှန်ကန်ကြောင်း အတည်ပြုသည်။

| | | | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------ |
| အမည် | ------------------ | အမည် | ------------------ |
| ရာထူး | ဒုတိယညွှန်ကြားရေးမှူးချုပ် | တာဝန် | နာယက |
| ရုံး | ပြည်ထောင်စုလွှတ်တော်ရုံး | | ပြည်ထောင်စုလွှတ်တော် |

ပုံစံ (၁၅)

ရုံးတံဆိပ်

## နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းရရှိသော ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်း [နည်းဥပဒေ ၄၆]

**ရက်စွဲ ----------------**

| အမှတ်စဉ် | နိုင်ငံတော်သမ္မတလောင်း အမည် | အစုအဖွဲ့ | ရရှိသည့် ထောက်ခံဆန္ဒမဲစုစုပေါင်း |
|---|---|---|---|
| ၁ | | | ---- ( တိတိ) |
| ၂ | | | ---- ( တိတိ) |
| ၃ | | | ---- ( တိတိ) |

မှန်ကန်ကြောင်း အတည်ပြုသည်။

**စိစစ်ရေးအဖွဲ့ဝင်များ**

**အမည်စာရင်းပြုစုသူ**

လက်မှတ် -----------------
အမည် -----------------
ရာထူး ညွှန်ကြားရေးမှူးချုပ်
ရုံး ပြည်ထောင်စုလွှတ်တော်ရုံး

၁။ လက်မှတ် -----------------
အမည် -----------------
တာဝန် ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

၂။ လက်မှတ် -----------------
အမည် -----------------
တာဝန် ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

၃။ လက်မှတ် -----------------
အမည် -----------------
တာဝန် ဒုတိယဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

၄။ လက်မှတ် -----------------
အမည် -----------------
တာဝန် ဒုတိယဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

၅။ လက်မှတ် -----------------
အမည် -----------------
တာဝန် ကိုယ်စားလှယ်
ရွေးကောက်ခံ
ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

၆။ လက်မှတ် -----------------
အမည် -----------------
တာဝန် ကိုယ်စားလှယ်
ရွေးကောက်ခံ
အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

၇။ လက်မှတ် -----------------
အမည် -----------------
တာဝန် ကိုယ်စားလှယ်
တပ်မတော်သားလွှတ်တော်
ကိုယ်စားလှယ်များအစုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲဖြင့် လက်မှတ်ရေးထိုးတင်ပြလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် လက်ခံရရှိခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်ပါဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သော "ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ" ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မာမာခိုင် | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဝေဖြိုးအောင် | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဌေးဌေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေမျိုးထွန်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး | မိုင်းရှူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ထ) | ဦးသိန်းလွင် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဒ) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဓ) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (န) | ဦးလားလ်မင်းထန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ပ) | ဒေါက်တာမျိုးအောင် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဖ) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဗ) | ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဘ) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (မ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ယ) | ဦးအောင်သိန်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ရ) | ဦးစိုးမိုး | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်တင့်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) | အတွင်းရေးမှူး |

၃။ **တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ရမည်။

(ခ) ကော်မတီသည် ဆွေးနွေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာမတင်ပြမီ အချိန်အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) ကော်မတီအစည်းအဝေးတွင် ဆွေးနွေးမှုအားလုံးကို အသေးစိတ်မှတ်တမ်းတင်အတည်ပြုထားရမည်။ သို့သော် ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဃ) ဉက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

(င) ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(စ) ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာပြောဆိုဆွေးနွေးမှုများအတွက် လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဆ) ကော်မတီအစည်းအဝေးများတွင် အတည်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရန် လိုအပ်ပါက ယင်းအစည်းအဝေးသို့ တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုများကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၄။ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ရက်၏ နောက်တစ်ရက်မှစ၍ ၁၄ ရက်အတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၅။ ကော်မတီ၏ သက်တမ်းသည် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီးသည့်အချိန်ထိ ဖြစ်သည်။

၆။ ကော်မတီသည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးပါက ဆွေးနွေးဆုံးဖြတ်ချက်နှင့် အစီရင်ခံစာမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ အားလုံးကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် တင်သွင်းခဲ့သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း" အရေးကြီးအဆိုကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် လွှတ်တော်က ဆွေးနွေးအတည်ပြုခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်၏အတည်ပြုချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးအတွက် ပြင်ဆင်သင့်သည့် ပြဋ္ဌာန်းချက်များကို ညှိနှိုင်းဆွေးနွေးပြီး လွှတ်တော်သို့ အစီရင်ခံတင်ပြနိုင်ရေးနှင့် အဆိုပါ အစီရင်ခံစာကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၄၅ ဦး ပါဝင်သော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇-ခ နှင့် နည်းဥပဒေ ၁၀၅-က တို့နှင့်အညီ ကော်မတီ၏ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်အတူ လွှတ်တော်၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် | ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) ဦးအေးသာအောင် | ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |

(ဂ) **အဖွဲ့ဝင်များ**

| | |
|---|---|
| (၁) ဒေါက်တာမေဝင်းမြင့် | မရမ်းကုန်းမဲဆန္ဒနယ် |
| (၂) ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် |
| (၃) ဒေါ်မာမာခိုင် | သထုံမဲဆန္ဒနယ် |
| (၄) ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် |
| (၅) ဦးနေမျိုးထွန်း | ထန်းတပင်မဲဆန္ဒနယ် |
| (၆) ဦးရည်မွှန် (ခ) ဦးတင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် |
| (၇) ဒေါက်တာလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် |
| (၈) ဒေါ်ဝင့်ဝါထွန်း | ရှားတောမဲဆန္ဒနယ် |
| (၉) ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) |

| | | |
|---|---|---|
| (၁၀) | ဦးသိမ်းဆွေ | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၀) |
| (၁၁) | ဒေါက်တာသန်းဝင်း | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) |
| (၁၂) | ဦးမင်းဦး | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) |
| (၁၃) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) |
| (၁၄) | ဦးကျော်ထွေး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၈) |
| (၁၅) | ဦးမျိုးဝင်း | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၈) |
| (၁၆) | နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) |
| (၁၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | |
| (၁၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | |
| (၁၉) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် |
| (၂၀) | ဦးမြင့်နိုင် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) |
| (၂၁) | ဒေါ်နန်းခမ်းအေး | နမ္မတူမဲဆန္ဒနယ် |
| (၂၂) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) |
| (၂၃) | ဦးမိုင်းအုဏ်းခိုင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) |
| (၂၄) | ဦးပူဂင်ကမ်းလျန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) |
| (၂၅) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် |
| (၂၆) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် |
| (၂၇) | ဦးလမာနော်အောင် | အင်ဂျန်းယန်မဲဆန္ဒနယ် |
| (၂၈) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် |
| (၂၉) | ဦးဂျေယောဝူ | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) |
| (၃၀) | ဦးနိုင်သီဟ | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) |
| (၃၁) | ဦးကျင်ဝမ်း | ဟိုပန်မဲဆန္ဒနယ် |
| (၃၂) | ဦးစိန်ဝင်း | မအူပင်မဲဆန္ဒနယ် |
| (၃၃) | ဦးတင်အောင်ထွန်း | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅) |
| (၃၄) | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | |
| (၃၅) | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | |
| (၃၆) | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | |
| (၃၇) | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | |
| (၃၈) | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | |
| (၃၉) | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | |
| (၄၀) | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | |
| (၄၁) | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | |

(ဃ) ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို — ဒေါပုံမဲဆန္ဒနယ် — တွဲဖက်အတွင်းရေးမှူး

(င) ဒေါက်တာမြတ်ဉာဏစိုး — ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) — အတွင်းရေးမှူး

၃။ **ဦးတည်ချက်။** ပူးပေါင်းကော်မတီသည် အောက်ပါဦးတည်ချက်များကိုအခြေခံ၍ ဆောင်ရွက်ရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းရှိစေရန်၊ ရှေ့နောက်ညီညွတ်၍ ဆန့်ကျင်ကွဲလွဲမှုမရှိသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပေါ်လာစေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရန်တို့အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သုံးသပ်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊

(ခ) အပြန်အလှန်ထိန်းကျောင်းရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာသုံးရပ်ကို တစ်ဖက်စောင်းနင်းဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ်ပေးနိုင်ခြင်းမရှိသော ပြဋ္ဌာန်းချက်များ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များတို့ကို ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျ ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများကို တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၂၁) ရာစု ပင်လုံညီလာခံက အတည်ပြုခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁) ပါ "နိုင်ငံတော်ကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်" ဟူသည့် သဘောတူညီချက်နှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊

(ဃ) ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူအများက ကိုယ်စားပြုဒီမိုကရေစီစနစ်အရ တာဝန်အပ်နှင်းထားသည့် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုပေါင်းစုံပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်၊ ဆွေးနွေးဆုံးဖြတ်၍ အစီရင်ခံစာတစ်ရပ်ကို တိုင်းရင်းသားပြည်သူလူထုအားလုံး၏စစ်မှန်သည့် ဆန္ဒသဘောထားနှင့် ကိုက်ညီစွာ ပြုစုဆောင်ရွက်နိုင်စေရေး၊

(င) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အကြံပြုသုံးသပ်ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးသည့်နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲရေး။

၄။ **တာဝန်များ။** ပူးပေါင်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပူးပေါင်းကော်မတီသည် နိုင်ငံတော်၏သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ပြည်သူတို့၏ နိုင်ငံရေးအသိရင့်ကျက်မှုအခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေအနေ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး အခြေအနေတို့အပေါ် မူတည်၍ လေ့လာသုံးသပ်သွားရမည်။

(ခ) အကျိုးမဖြစ်ထွန်းနိုင်သော အငြင်းပွားဖွယ်ရာဖြစ်နိုင်သည့် ပြဋ္ဌာန်းချက်များထက် နိုင်ငံတော်အတွက်အကျိုးရှိပြီး တိုင်းရင်းသားပြည်သူတို့၏ စစ်မှန်သည့်ဆန္ဒနှင့် ကိုက်ညီရန် လိုအပ်သည့် ပြဋ္ဌာန်းချက်များကို ဦးစားပေး လေ့လာသုံးသပ်ရမည်။

(ဂ) ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိသော ပြဋ္ဌာန်းချက်များ၊ ရှေ့နောက်ညီညွတ်ခြင်းမရှိဘဲ ဆန့်ကျင်ကွဲလွဲနေသည့်ပြဋ္ဌာန်းချက်များနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်နေသည့် ပြဋ္ဌာန်းချက်များကို ဦးစားပေး လေ့လာသုံးသပ်ရမည်။

(ဃ) အပြန်အလှန်ထိန်းကျောင်းရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်ကို တစ်ဖက်စောင်းနင်းဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ် ပေးနိုင်ခြင်းမရှိသော ပြဋ္ဌာန်းချက်များနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပ နိုင်ရေးအတွက် အဟန့်အတားဖြစ်နေသော ပြဋ္ဌာန်းချက်များကို ဦးစားပေး လေ့လာသုံးသပ်ရမည်။

(င) (၂၁) ရာစု ပင်လုံညီလာခံက အတည်ပြုခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) ပါ "နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု အဖြစ် ဖွဲ့စည်းရမည်" ဟူသည့် သဘောတူညီချက်နှင့်အညီ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်၊ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများကို တိုးတက်ဖော်ဆောင်နိုင်ရန်နှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန်တို့အတွက် အခြေခံကျသည့် ပြဋ္ဌာန်းချက်များကို ဦးစားပေးလေ့လာသုံးသပ်ရမည်။

(စ) အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရေး အတွက် လေ့လာသုံးသပ်တင်ပြရမည်။

(ဆ) ပြည်သူတို့၏ ယုံကြည်အားထားကိုးစားမှုကိုရရှိပြီး ဖြောင့်မတ်မှန်ကန်သည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်။

(ဇ) ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် သုံးသပ်ရရှိချက် များအပေါ်မူတည်၍ ပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။

(ဈ) ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ တင်သွင်းရမည်။

(ည) ပူးပေါင်းကော်မတီ၏ ညှိနှိုင်းသုံးသပ်ချက်များ၊ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန်ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ထိန်းသိမ်းရမည်။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဋ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပြည့်အစုံကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဌ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ပြီးစီးသည့်အခါ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဍ) ပူးပေါင်းကော်မတီသက်တမ်းကုန်ဆုံးပါက ဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်း အထောက်အထား၊ မှတ်တမ်းများအားလုံးကို ပြည်ထောင်စု လွှတ်တော်ရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

(ဎ) ပူးပေါင်းကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ၊ ပြောင်းလဲခန့်အပ်ခြင်း၊ ကော်မတီ၏ဦးတည်ချက်များ၊ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်တမ်းတို့ကို ပြင်ဆင်ရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၅။ **လုပ်ပိုင်ခွင့်များ။** ပူးပေါင်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပူးပေါင်းကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးများကို သင့်လျော်သလို ခေါ်ယူပိုင်ခွင့်ရှိသည်။

(ခ) ပူးပေါင်းကော်မတီဝင်များသည် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ မိမိတို့၏ သဘောထားကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိပြီး ယင်းသို့ပြောဆိုဆွေးနွေးခြင်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပူးပေါင်းကော်မတီအစည်းအဝေးများတွင် ပူးပေါင်းကော်မတီ အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ဃ) ပူးပေါင်းကော်မတီ အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ ယင်းအစည်းအဝေးသို့ တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(င) ပူးပေါင်းကော်မတီအတွက် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအသီးသီးသို့ တောင်းခံပိုင်ခွင့်၊ မိတ္တူကူးယူခွင့်ရှိသည်။

(စ) ပူးပေါင်းကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်း၍ ဆွေးနွေးဆုံးဖြတ်အတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ပြုစုရေးဆောင်ရွက်ရာတွင် အောက်ပါပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းအသီးသီးတို့ထံမှ အကြံဉာဏ်များ ရယူနိုင်သည် -

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်၊

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားစီရင်ရေးဆိုင်ရာ အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(၃) တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊

(၅) တိုင်းရင်းသားရေးရာဝန်ကြီးများ၊

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကိုယ်စားလှယ်များ၊

(၇) တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊

(၈) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊

(၉) ဥပဒေပညာရှင်များ။

၆။ **လုပ်ထုံးလုပ်နည်းများ။** ပူးပေါင်းကော်မတီ၏ လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပူးပေါင်းကော်မတီအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လေ့လာသုံးသပ်ချက် ရေးသားပြုစုရမည်။

(ခ) ပူးပေါင်းကော်မတီတွင် စုပေါင်းဆွေးနွေးသုံးသပ်ပြီးနောက် အများသဘောတူညီသည့် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။

(ဂ) ပူးပေါင်းကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြရမည်။

(ဃ) ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ပူးပေါင်းကော်မတီဝင်တစ်ဦး သို့မဟုတ် ပူးပေါင်းကော်မတီဝင်များသည် အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၇။ **ရပိုင်ခွင့်များ။** ပူးပေါင်းကော်မတီ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတိုင်း ခံစားခွင့်ရှိသည်။

(ခ) ပူးပေါင်းကော်မတီအတွက် လိုအပ်သော ရုံးခန်း၊ အစည်းအဝေးခန်း၊ ရုံးဝန်ထမ်း၊ ရုံးသုံးအထောက်အကူပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ငွေကြေးသုံးစွဲခွင့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ပူးပေါင်းကော်မတီ၏ ရုံးလုပ်ငန်းနှင့် လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့သို့ တောင်းခံဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ပူးပေါင်းကော်မတီ၏ လိုအပ်ချက်များကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ တင်ပြတောင်းခံပိုင်ခွင့်ရှိသည်။

၈။ **သက်တမ်း။** ပူးပေါင်းကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်အချိန်မှ အစီရင်ခံစာ တင်သွင်းပြီး ယင်းအစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ပြီးမြောက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးသည့် အချိန်အထိဖြစ်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၃၁ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၌ ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ဆိုသည်။

(ခ) **နည်းဥပဒေများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနည်းဥပဒေများကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်ကို ဆိုသည်။

(ဃ) **မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့**ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ထားသော အဖွဲ့များကို ဆိုသည်။

(င) **ဆန္ဒမဲပေးခွင့်ရှိသူ**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၁ အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မသန်စွမ်းသူများအပါအဝင် ဆန္ဒမဲပေးခွင့်ရှိသူကို ဆိုသည်။

## အခန်း (၂)
## မဲစာရင်းများပြုစုခြင်း

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသောအဖွဲ့များက တာဝန်ခံ၍ သက်ဆိုင်ရာမဲစာရင်းများကို ပြုစုရမည်။ ယင်းသို့ ပြုစုရာတွင် **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ပုံစံ (၁)** ဖြင့် ပြုစုရမည်။

၄။ မဲစာရင်းများကို ဥပဒေအခန်း (၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသအလိုက် ပြုစုရမည်။ မဲစာရင်းတွင် ပါဝင်ခွင့်ရှိသူများ၏ အမည်များကို မြန်မာစာဖြင့် ရေးသွင်းရမည်။ ယင်းသို့ ရေးသွင်းရာ၌ မြန်မာစာဖြင့် ဖော်ပြရန်အခက်အခဲရှိလျှင် အင်္ဂလိပ်စာဖြင့်လည်း ကွင်းစ၊ ကွင်းပိတ်အတွင်း၌ ရေးသားဖော်ပြနိုင်သည်။

၅။ နည်းဥပဒေ ၃ နှင့် ၄ တို့အရ မဲစာရင်းပြုစုရာတွင် -

(က) အနီးကပ်ဆုံးလွှတ်တော်ရွေးကောက်ပွဲအသီးသီးအတွက် ပြုစုထားသော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို အခြေခံ၍ ပြုစုရမည်။

(ခ) အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်ကျော်လွန်သည်အထိ ယာယီလာရောက်အလုပ်လုပ်ကိုင်သူများကို ယင်းတို့ရောက်ရှိနေသော ဆန္ဒခံယူပွဲဒေသ၏ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း ပုံစံ (၁)** တွင် နောက်တိုးမဲစာရင်းအဖြစ် သီးခြားပြုစုရမည်။ ထိုသို့ ပြုစုထားသောသူများ၏ အမည်၊ နေရပ်လိပ်စာတို့ကို သက်ဆိုင်ရာ မူလမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။ သက်ဆိုင်ရာ မူလမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပေးပို့ချက်ကို ရရှိသည့်အခါ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှ ပယ်ဖျက်ရမည်။

(ဂ) ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့၏ မိသားစုဝင်များနှင့် မှီခိုသူများအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့၏မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာတပ်တွင်း၌မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် အတူနေထိုင်ကြသည့် မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၆။ (က) မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့အသီးသီးသည် မဲစာရင်းများပြုစုပြီးသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိပြုစုထားသော **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း ပုံစံ (၁) ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း ပုံစံ (၂)** နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သောစာရင်းများကို **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မြို့နယ်အလိုက် မဲဆန္ဒရှင်များစာရင်းချုပ်တင်ပြခြင်း ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(၂) သက်ဆိုင်ရာသံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့် အဖွဲ့သည် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၃)၊ (၄) နှင့် (၅) တို့အရ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် ပြုစုထားသော မဲစာရင်း **ပုံစံ (၁-က)** ကို **ပုံစံ (၂-က)** နှင့်အတူ ကော်မရှင်သို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။

(၃) သက်ဆိုင်ရာတပ်မှူးနှင့်အဖွဲ့သည် တပ်တွင်းနေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် ပြုစုထားသော **ပုံစံ (၁-ခ)** မဲစာရင်းကို **ပုံစံ (၂-ခ)** နှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို **ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကိုသတ်မှတ်ထားသည့်အတိုင်း ပေးပို့ရမည်။

(၄) တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ သိပ္ပံနှင့် ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် **ပုံစံ (၁-ဂ)** ဖြင့် ပြုစုထားသောမဲစာရင်းကို **ပုံစံ (၂-ဂ)** နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို **ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကို သတ်မှတ်သည့်အတိုင်း ပေးပို့ရမည်။

(၅) ဆေးရုံအုပ်ကြီးနှင့်အဖွဲ့သည် ဆေးရုံတွင်တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသော ဝန်ထမ်းများအတွက် ပြုစုထားသော **ပုံစံ (၁-ဃ)** မဲစာရင်းကို **ပုံစံ (၂-ဃ)** နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို **ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကိုသတ်မှတ်ထားသည့်အတိုင်း ပေးပို့ရမည်။

(၆) သက်ဆိုင်ရာလုပ်ငန်းခွင် အကြီးအမှူးနှင့်အဖွဲ့သည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ပြုစုထားသော **ပုံစံ (၁-င)** မဲစာရင်းကို **ပုံစံ (၂-င)** နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို **ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကိုသတ်မှတ်ထားသည့်အတိုင်း ပေးပို့ရမည်။

(၇) သက်ဆိုင်ရာရဲစခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့တို့သည် ရဲစခန်းရှိ အချုပ်သားများအတွက်လည်းကောင်း၊ အကျဉ်းထောင်ရှိအချုပ်သားများအတွက်လည်းကောင်း ပြုစုထားသော **ပုံစံ (၁-စ)** မဲစာရင်းကို **ပုံစံ (၂-စ)** နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်သည့်အတိုင်း တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို **ပုံစံ (၃)** ဖြင့် မြို့နယ်စာရင်းချုပ်ပြုစု၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာတင်ပြပြီး မိတ္တူကို သတ်မှတ်ထားသည့်အတိုင်း ပေးပို့ရမည်။

(ခ) နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့အရ **ပုံစံ (၃)** များဖြင့် ပေးပို့သောစာရင်းများကို စုစည်းပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များ စာရင်းချုပ်ကို **ပုံစံ (၄)** ဖြင့် ပြုစု၍ ကော်မရှင်သို့ ဆက်လက်တင်ပြရမည်။

(ဂ) ကော်မရှင်သည် နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) နှင့် နည်းဥပဒေခွဲ (ခ) တို့အရ ပေးပို့သောစာရင်းများကို စုစည်းပြီး **ပုံစံ (၄-က)** ဖြင့် စာရင်းချုပ်ကို ပြုစုထားရှိရမည်။

၇။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့တို့သည် မိမိတို့ပြုစုထားသော မဲစာရင်းများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမကျင်းပမီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ ကြေညာရမည်။

(ခ) ထိုသို့ကြေညာခြင်းကို ဆန္ဒမဲပေးခွင့်ရှိသူများသိရှိနိုင်ရန် မဲစာရင်းများကို ကြော်ငြာသင်ပုန်းတွင် ကပ်၍လည်းကောင်း၊ အသံချဲ့စက်ဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း ကြေညာရမည်။

၈။ (က) မဲစာရင်းတွင် အမည်ပါဝင်ခွင့်ရှိပါလျက် မပါဝင်ပါက မိမိ၏အမည်ကို ထည့်သွင်းပေးရန် မဲစာရင်းကြေညာပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာမဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့သို့ **ပုံစံ (၁-ဆ)** ဖြင့် ကိုယ်တိုင်တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တင်ပြခြင်းသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့တင်ပြခြင်းဖြစ်လျှင် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ထည့်သွင်းသင့်သောသူများ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ တင်ပြခြင်းသည် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသော အဖွဲ့များသို့ တင်ပြခြင်းဖြစ်လျှင် ယင်းအဖွဲ့များကသာ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ် ပြီးနောက် ထည့်သွင်းသင့်သူများ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ သက်ဆိုင်ရာမဲစာရင်းတွင် ထည့်သွင်းရန် တင်ပြသော်လည်း သက်ဆိုင်ရာမဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့က အမည်ထည့်သွင်းရန် ငြင်းဆိုလျှင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ သုံးရက်အတွင်း အယူခံဝင်ခွင့်ရှိသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(င) မဲစာရင်းတွင် မပါဝင်သင့်သူတစ်ဦးဦး၏ အမည်ပါရှိနေကြောင်း မဲစာရင်းပါ မဲဆန္ဒရှင် တစ်ဦးဦး၏ တင်ပြချက်အရဖြစ်စေ၊ အခြားတစ်နည်းနည်းအရဖြစ်စေ သိရှိရလျှင် သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကိုရယူပြီး ယင်း၏အမည်ကို မဲစာရင်းမှထုတ်ပယ်ရမည်။

(စ) မဲစာရင်းတွင် ပါရှိနေသူတစ်ဦး၏အမည်နှင့် အခြားအချက်အလက်များ အရေးအသား လွဲမှားမှုရှိခဲ့လျှင် သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့ခွဲက စိစစ်၍ ပြင်ဆင်နိုင်သည်။

၉။ (က) တစ်ဦးတစ်ယောက်သောသူသည် တစ်ခုထက်ပိုသော ဆန္ဒခံယူပွဲဒေသများ၏ မဲစာရင်းများ၌ ပါဝင်နေကြောင်းသိရှိလျှင် ထိုသူသည် သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့ထံသို့ စာဖြင့်ရေးသား၍ မိမိဆန္ဒမဲပေးလိုရာ ဆန္ဒခံယူပွဲဒေသကို အချိန်မီရွေးချယ်တင်ပြရမည်။ သက်ဆိုင်ရာမဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့သည် ထိုသူဆန္ဒမဲပေးလိုသော ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းကိုအတည်ပြု၍ အခြားဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှ ယင်း၏အမည်ကို ပယ်ဖျက်ရေး အတွက် ဆောင်ရွက်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တင်ပြခြင်းကြောင့်မဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် တစ်ဦးတစ်ယောက်သောသူ၏အမည်သည် တစ်ခုထက်ပိုသော ဆန္ဒခံယူပွဲဒေသများ၏ မဲစာရင်းများ၌ ပါဝင်နေကြောင်းသိရှိရပါက -

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက တွေ့ရှိလျှင် မိမိဆန္ဒမဲပေးလိုသည့် ဆန္ဒခံယူပွဲဒေသတစ်ခုကိုသာ ရွေးချယ်ပေးရန် မဲဆန္ဒရှင်သို့ အကြောင်းကြားရမည်။ အကြောင်းကြားသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း မိမိဆန္ဒမဲပေးလိုရာ ဆန္ဒခံယူပွဲဒေသကို ရွေးချယ်သည့်အကြောင်းပြန်ကြားချက်မရရှိပါက ထိုသူ၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ရမည်။

(၂) သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက တွေ့ရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အထက်အပိုဒ်ခွဲငယ် (၁) အရ ဆောင်ရွက်ရန် အကြောင်းကြားရမည်။

၁၀။ (က) မဲစာရင်းပါအခြားသူ၏အမည်နှင့် အခြားအချက်အလက်များကို ကန့်ကွက်လိုသော ယင်းမဲစာရင်းပါ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးဦးသည် မဲစာရင်းကြေညာသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့သို့ **ပုံစံ (၁-ဇ)** ဖြင့် ကန့်ကွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့သည် ကန့်ကွက်သူနှင့် ကန့်ကွက်ခံရသူတို့အား စစ်ဆေးပြီးနောက် မဲစာရင်းပါဖော်ပြချက်ကို အတည်ပြုရန် သို့မဟုတ် ပယ်ဖျက်ရန် ဆောင်ရွက်နိုင်သည်။ အငြင်းပွားခဲ့လျှင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ရယူရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၁။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကြေညာပြီးသည့်နောက်မှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။

(ခ) ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) တွင် အကျုံးဝင်သူများ၏ မဲစာရင်းကို ကြေညာပြီးသည့်နောက်မှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့များသည် နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် မဲစာရင်းတွင် ပါရှိသူများနှင့် သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲစာရင်းမိတ္တူနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) သက်ဆိုင်ရာ မဲစာရင်းပြုစုပိုင်ခွင့်ရှိသောအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် နည်းဥပဒေ ၈၊ ၉ နှင့် ၁၀ တို့အရ ထပ်မံပြုစုထားသော မဲစာရင်းကို ပြင်ဆင်၊ ဖြည့်စွက်ပြီးပါက နည်းဥပဒေ ၆ နှင့်အညီ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ပြီး ကော်မရှင်သို့ ဆက်လက်တင်ပြရမည်။

## အခန်း (၃)

## ဆန္ဒမဲပေးခြင်း

၁၂။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး၊ သတ်မှတ်ထားသော မဲပေးချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့်ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံဆောက်လုပ်ရာတွင် မသန်စွမ်းသူများ အတားအဆီးကင်းမဲ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ထားရှိရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သာမန်အားဖြင့် မဲရုံတစ်ရုံလျှင် မဲပုံးတစ်ပုံးစီ ထားရှိရမည်။ သို့ရာတွင် ဆန္ဒမဲပေးခွင့်ရှိသူများ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပုံးတစ်ပုံးထက်ပို၍ ထားရှိခြင်း၊ မဲစာရင်းများကိုလွယ်ကူစွာ စိစစ်နိုင်ရေးအတွက် မဲရုံအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခြင်း ပြုနိုင်သည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲပုံးကို လုံခြုံမှုရှိစေရန် ပြုလုပ်ရမည်။ ယင်းသို့ပြုလုပ်ရာတွင် ယင်းမဲပုံးများအတွင်းရှိ ဆန္ဒမဲများကို အလွယ်တကူ ထုတ်ယူခြင်းမပြုနိုင်စေရန်နှင့် မဖျက်ဆီးနိုင်စေရန် ဆောင်ရွက်ရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကိုကြီးကြပ်ကွပ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ယင်းဆန္ဒခံယူပွဲဒေသ အတွင်းရှိ ဒေသခံပြည်သူများဖြင့် ကော်မရှင်ကသတ်မှတ်ပေးသောဦးရေအတွင်း ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

(င) မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့် တစ်စုံတစ်ရာသော အကြောင်းကြောင့် လည်းကောင်း မဲရုံမှူးသည် ဆန္ဒမဲပေးသည့်နေ့တွင် တာဝန်မထမ်းဆောင်နိုင်ပါက ဒုတိယ မဲရုံမှူးက မဲရုံမှူးတာဝန် ထမ်းဆောင်ရမည်။ ဒုတိယမဲရုံမှူးပါ ပျက်ကွက်မှုရှိခဲ့သော် မဲရုံအဖွဲ့ကို ဖွဲ့စည်းစဉ်က သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ်အတိုင်း ဆင့်ကဲဆင့်ကဲ တာဝန် ထမ်းဆောင်ရမည်။ ထို့အတူ လိုအပ်နေသည့် မဲရုံအဖွဲ့ဝင်နေရာ အစားထိုးခန့်ထားခြင်းကိုလည်း နည်းဥပဒေခွဲ (ဃ) ပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရပါက ဆောင်ရွက်ချက်အကျဉ်းချုပ်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(စ) မဲရုံမှူးသည် ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်၌ ဆန္ဒမဲပေးရန် နံနက် ၆ နာရီမှ ညနေ ၄ နာရီ အထိ မဲရုံကိုဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် ညနေ ၄ နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကို ပိတ်ရမည်။

(ဆ) မဲရုံမှူးသည် မဲရုံပိတ်ရန်သတ်မှတ်ထားသောအချိန်ရောက်သောအခါ သာမန်အားဖြင့် မဲရုံကို ပိတ်ရမည်။ သို့ရာတွင် မဲရုံမပိတ်မီ မဲရုံမှူးသည် မိမိမဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသော ဆန္ဒမဲမပေးရသေးသည့်သူများ ရှိ မရှိ စိစစ်၍ ရှိပါက စာရင်းကောက်ယူ ပြီးလျှင် ထိုသူများအား ဆန္ဒမဲပေးချိန်ကျော်လွန်ပြီး ဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

(ဇ) ဆန္ဒခံယူပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူ များသည် မဲရုံသို့ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲ ပေးခြင်း မပြုရ။

၁၃။ (က) ဆန္ဒခံယူပွဲမကျင်းပမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို **ပုံစံ (၅)** ဖြင့် နှစ်စောင် ပြုစုရမည်။ ယင်းပုံစံ တစ်စောင်ကို မိမိမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လက်ခံအဖြစ်သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ မဲရုံမှူးများသို့ ယင်းတို့နှင့် သက်ဆိုင်သောဆန္ဒမဲလက်မှတ်များကို **ပုံစံ (၅-က)** ဖြင့် နှစ်စောင် ထုတ်ပေးမည်။ ယင်းပုံစံများတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ မဲရုံမှူးတို့က လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ်သိမ်းဆည်း၍ ကျန်တစ်စောင်ကို မဲရုံမှူးများသို့ ပေးအပ်ရမည်။

(ဂ) ဆန္ဒခံယူပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးခြင်း မစတင်မီ မဲရုံမှူးသည် မိမိလက်ခံရရှိသော ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ရေတွက်၍ **ပုံစံ (၅-ဃ)** ဖြင့် မှတ်တမ်းတင်ထားရမည်။ ထို့နောက် မဲပုံးအလွတ်များကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံ၌ရှိသူများအားပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်း မဲရုံမှူးမြင်နိုင်သောနေရာ၌ ထားရှိရမည်။

၁၄။ (က) မဲရုံမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်သည် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအားထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်းအမှတ်တို့ မှန်ကန်ပါက မဲစာရင်းတွင် ဆန္ဒမဲပေးခွင့်ရှိသူအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်း ပြုစေပြီးနောက် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးခွင့်ရှိသူအား ထုတ်ပေးရမည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူသည် ဆန္ဒမဲလက်မှတ်ကိုရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် ပြင်ဆင်သည့်ပုဒ်မ၊ ပုဒ်မခွဲအလိုက်ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင်ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း ရေးခြစ်၍ ဆန္ဒပြုရမည်။ ထို့နောက် မိမိဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်ရမည်။ ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏လက်မှတ်နှင့် မဲဆန္ဒရှင်ဆန္ဒပြုထားသော အမှတ်အသားတို့မှတစ်ပါး အခြားမည်သည့် အမှတ်အသားမျှ မပါဝင်စေရ။

(ဂ) ဆန္ဒမဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ်ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း မင်တို့သည့်စနစ်ကို ကျင့်သုံးရမည်။

၁၅။ (က) ဆန္ဒမဲပေးခွင့်ရှိသူသည် ဆန္ဒမဲလက်မှတ်ရှိ ဖော်ပြချက်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း သက်ဆိုင်ရာ မဲစာရင်း၌ ပါရှိသော ဆန္ဒမဲပေးခွင့်ရှိသူ၏ ဖခင်၊ မိခင်၊ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ အရင်းတစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များ ကိုယ်စား ဆောင်ရွက်ပေးရမည်။ ထို့နောက် ဆန္ဒမဲပေးသူအား ထိုဆန္ဒမဲလက်မှတ်ကို ခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေရမည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာမဲစာရင်း၌ပါရှိသော ဆန္ဒမဲပေးခွင့်ရှိသူ၏ ဖခင်၊ မိခင်၊ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သော သူတစ်ဦး၏အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

၁၆။ မဲရုံသို့လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် မဲရုံအဖွဲ့ဝင်များသည် ထိုသူအား ဆန္ဒမဲထည့်နိုင်စေရန် ကူညီရမည်။

၁၇။ (က) မဲရုံမှူးသည် မဲရုံ၌ တည်ငြိမ်အေးချမ်းမှုရှိစေရန်လည်းကောင်း၊ ဆန္ဒခံယူပွဲကို တရားမျှတစွာ ဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန်လည်းကောင်း စီမံဆောင်ရွက်ရမည်။

(ခ) ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့် အချိန်အတွင်း မဲရုံထဲသို့ အောက်ပါ ပုဂ္ဂိုလ်များမှတစ်ပါး အခြားမည်သူမျှ မဝင်ရ -

(၁) မဲရုံအဖွဲ့ဝင်များ၊

(၂) ဆန္ဒမဲပေးမည့်သူများ၊

(၃) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန် ပေးအပ်ခံရသူများ၊

(၄) နည်းဥပဒေ ၁၅ အရ ခွင့်ပြုထားသူများ၊

(၅) ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊

(၆) ကော်မရှင်ကခွင့်ပြုထားသည့် ဆန္ဒခံယူပွဲလေ့လာသူများ။

၁၈။ တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသောအမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကို မနာခံလျှင် ယင်းသို့ မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်းမရှိသူအား မဲရုံမှူး၏ အမိန့်ဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေး တာဝန်ပေးအပ်ခံရသူကလည်းကောင်း၊ မဲရုံအဖွဲ့ဝင်တစ်ဦးကလည်းကောင်း မဲရုံမှ ချက်ချင်းဖယ်ရှားရမည်။

၁၉။ (က) ဆန္ဒခံယူပွဲတွင် သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခွင့် လာရောက်တောင်းဆိုကြောင်း မဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် တာဝန်ကျ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် တစ်ဦးဦးကသိရှိလျှင် ထိုအယောင်ဆောင်သူအား ဆန္ဒမဲ ပေးခွင့် မပြုရ။

(ခ) မဲရုံမှူးသည် ထိုသူ၏အမည်၊ နေရပ်တို့ကို ရေးမှတ်ပြီးနောက် ဆန္ဒမဲပေးခွင့်မပြုရခြင်းအတွက် အကြောင်းပြချက်များကို အကျဉ်းချုပ်ရေးသားထားပြီး မှတ်တမ်းတင်ထားရမည်။

(ဂ) မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ် မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့် သက်ဆိုင်သူသည် ဆန္ဒမဲပေးခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုနိုင်သူရှိလျှင် မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်၊ ချို့ငဲ့ချက်၊ ချွတ်ချော်ချက်ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရမည်။ ယင်းသို့ ပြင်ဆင်ခွင့်ပြုသည့်အခါတိုင်း မဲရုံမှူးသည် အကျိုးအကြောင်း အကျဉ်းချုပ်ကို ရေးသား မှတ်တမ်းတင်ထားရမည်။

## အခန်း (၄)

## ဆန္ဒခံယူပွဲဒေသအတွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်း

၂၀။ (က) ဆန္ဒခံယူပွဲကျင်းပသောနေ့ရက်၌ မိမိနှင့်သက်ဆိုင်သည့် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးဝေး သွားရန်ရှိသူတစ်ဦးသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ ဆန္ဒမဲပေးနိုင်သည်။

(ခ) ဆန္ဒခံယူပွဲကျင်းပသောနေ့ရက်၌ ဆန္ဒခံယူပွဲဒေသအတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက် ဆန္ဒမဲမပေးနိုင်သောသူများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင်ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆန္ဒခံယူပွဲ ကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင် နှစ်ဦးကို စေလွှတ်၍ သက်ဆိုင်ရာ ဆန္ဒမဲပေးခွင့်ရှိသူများအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်။ ဆန္ဒမဲပေးခွင့်ရှိသူကိုယ်တိုင် ကြိုတင်ဆန္ဒမဲ လက်မှတ်တွင် ရေးသွင်းရန် အခက်အခဲရှိလျှင် မဲစာရင်းတွင်ပါရှိသော ယင်းပုဂ္ဂိုလ်၏ ဖခင်၊ မိခင်၊ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးက ဆန္ဒမဲပေးခွင့် ရှိသူ၏ဆန္ဒအတိုင်း ယင်း၏ရှေ့မှောက်တွင် ရေးသွင်းရမည်။ ထိုသို့ ကူညီမည့်သူမရှိလျှင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် ယင်းပုဂ္ဂိုလ်က ညွှန်ကြားသည့်အတိုင်း ရေးသွင်းရမည်။

(၂) မသန်စွမ်းသူဖြစ်လျှင် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ပြီး သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်သောသူ တစ်ဦး၏အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

(၃) အချုပ်ခံနေရသူနှင့် ပတ်သက်လျှင် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆက်သွယ်ပြီး အချုပ်ခံနေရသူများ ဆန္ဒမဲပေးနိုင်ရန် ဆန္ဒခံယူပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးသည် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

(၄) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာနှင့် ယင်းတို့အား ပြုစုစောင့်ရှောက်နေသော တာဝန်ကျဝန်ထမ်းများအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ဆေးရုံတာဝန်ခံနှင့် ဆက်သွယ်ပြီး ဆေးရုံတက်ရောက်နေရသော ထိုသူများအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် ဆန္ဒခံယူပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ဆေးရုံတာဝန်ခံသည် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ဆန္ဒခံယူပွဲကျင်းပသောနေ့၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလိုပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ပေးရမည်။ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များထည့်သွင်းရန် မဲပုံးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ရောက်ရှိနေသူများအား ပြသပြီး ချိပ်ပိတ်ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် -

(၁) ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ယူခြင်း၊ ထုတ်ပေးခြင်းအတွက် **ပုံစံ (၅-ခ)** ဖြင့် စာရင်းပြုစုရမည်။

(၂) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ၏ စာရင်းကို **ပုံစံ (၅-ဂ)** ဖြင့် မဲရုံအလိုက် စာရင်းပြုစုပြီး သက်ဆိုင်ရာမဲရုံမှူးများထံသို့ ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ နံနက် ၆ နာရီ မတိုင်မီ အရောက်ပေးပို့ရမည်။ မဲရုံမှူးသည် လက်ခံရရှိသည့် **ပုံစံ (၅-ဂ)** ကို မဲရုံတွင် ကပ်ထားရမည်။

(၃) ကြိုတင်ဆန္ဒမဲရယူပြီးနောက် ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို သက်ဆိုင်ရာ မဲပုံးများအတွင်းသို့ ထည့်သွင်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ **ပုံစံ (၅-ဂ)** နှင့်အတူ ပေးပို့ရမည်။

## အခန်း (၅)

## ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၁။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့်အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ် တစ်ခုခုကြောင့်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ဆန္ဒခံယူပွဲကို တည်ငြိမ်စွာကျင်းပနိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတစ်ခုလုံးနှင့် သက်ဆိုင်သော မဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကိုဖြစ်စေ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် သတ်မှတ်ထားသော ကာလအတွင်း ဆန္ဒမဲပေးနိုင်ရေးအတွက် သင့်လျော်သည့်နေ့ရက်သို့ တစ်ကြိမ်ရွှေ့ဆိုင်း

နိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်း ရွှေ့ပြောင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မိတ္တူကို ကော်မရှင်၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက နည်းဥပဒေခွဲ (က) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။ ဆန္ဒမဲပေးနေစဉ် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူ ငါးဦး၏ ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာပိတ်ပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း တင်ပြရမည်။ ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည့် မဲရုံတွင် ဆန္ဒမဲပေးရန်ကျန်နေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန်နေ့ရက်နှင့် နေရာကို ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် သတ်မှတ်ထားသောကာလအတွင်းမှ ရက်တစ်ရက်သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့်နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၂။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်း၏ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့ အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ဆောင်ရွက်ချက်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကို ကော်မရှင်၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ၊ သတ်မှတ်ထားသောဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကို ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ထိုသို့

ဖျက်သိမ်းရန် ဆုံးဖြတ်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံ၍ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

(င) ကော်မရှင်သည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဆန္ဒခံယူပွဲမကျင်းပနိုင်သည့် ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းပါရှိသူများကို **ပုံစံ (၄-က)** မှ နုတ်ပယ်ရမည်။

## အခန်း (၆)

## သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များအတွက် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၃။ (က) တပ်မှူးနှင့် အဖွဲ့သည် -

(၁) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များ၊ မှီခိုသူများ၏ မဲစာရင်းကို ပုံစံ (၁-ခ) ဖြင့် ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာတပ်နှင့် ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့၏ မိသားစုဝင်များနှင့် မှီခိုသူများအတွက် လိုအပ်သော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို မိမိတို့ရောက်ရှိရာဒေသရှိ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ တောင်းခံရမည်။

(၄) မိမိအခြေပြုရာ ဆန္ဒခံယူပွဲဒေသအတွင်းမှ အလှမ်းကွာဝေးသောဒေသတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သတ်မှတ်ထားသောနေ့ရက်တွင် အချိန်မီပြန်လည်ပေးပို့နိုင်ရေးအတွက် ကြိုတင်ပေးပို့ရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင် အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို လုံခြုံစွာပိတ်၍ တပ်မှူးနှင့် အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) တပ်မှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာ ထုပ်ပိုး၍ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော်သားများနှင့်သက်ဆိုင်သည့် ကြိုတင်ဆန္ဒမဲလက်မှတ် စာရင်းကို **ပုံစံ (၆)** ဖြင့် ပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ ပေးအပ်ရမည်။

## အခန်း (၇)

## နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် ကြိုတင်ဆန္ဒမဲပေးရန်နည်းလမ်းများ

၂၄။ (က) သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့သည် -

(၁) ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၃)၊ (၄) နှင့် (၅) တို့အရ ဆန္ဒမဲပေးခွင့်ရှိသူများ၏ မဲစာရင်းကို **ပုံစံ (၁-က)** ဖြင့်ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန်ကော်မရှင်သို့ အကြောင်းကြားရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများအတွက် လိုအပ်သော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ တောင်းခံရမည်။

(၄) ဆန္ဒမဲပေးခွင့်ရှိသူများကို စုစည်း၍ သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ ထုတ်ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင် အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကိုလုံခြုံစွာပိတ်၍ သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ လက်ခံရရှိသော ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်ပိုး၍ **ပုံစံ (၆-က)** အတိုင်း စာရင်းပြုစုပြီး အစီရင်ခံစာနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ အမြန်ဆုံးပေးပို့ရမည်။

(ဃ) (၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်မတိုင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ နိုင်ငံခြားမှပြန်လည်ရောက်ရှိနေသော မြန်မာနိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အစိုးရပညာတော်သင်များနှင့် မိသားစုဝင်များ၊ ပြည်ပ၌ အလုပ်ဝတ္တရား ဆောင်ရွက်ရန် အစိုးရကခန့်ထားခြင်းခံရသူများနှင့် ယင်းတို့၏ မိသားစုဝင်များ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များသည် မိမိတို့နေထိုင်ရာဒေသ၏ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ မိမိတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။ ထိုသို့တင်ပြသည့်အခါ သက်ဆိုင်ရာဌာနအကြီးအမှူး၏ မူလမဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြရမည်။

(၂) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့် ပြုရမည်။

## အခန်း (၈)

## သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပရောက်ရှိနေသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးတွင် ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများနှင့် ဂေဟာတွင် နေထိုင်ကြသူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၅။ (က) တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ သို့မဟုတ် ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏ အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့သည် -

(၁) ယင်းတို့၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသူ၊ ကျောင်းသားများအတွက် မဲစာရင်းကို **ပုံစံ (၁-ဂ)** ဖြင့် ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် ဆန္ဒမဲပေးခွင့်ရှိသူများကို စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ ထုတ်ပေးရမည်။

( ခ ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင် အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို လုံခြုံစွာပိတ်၍ နည်းဥပဒေခွဲ (က) ပါ အဖွဲ့များထံ ပေးအပ်ရမည်။

( ဂ ) နည်းဥပဒေခွဲ (က) ပါ အဖွဲ့များသည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသောစာအိတ်များ၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ **ပုံစံ (၆-ခ)** ဖြင့် မိမိနှင့်သက်ဆိုင်သည့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိနေရပ်သို့ပြန်လည်ရောက်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ်မဲစာရင်းတွင်ဖြည့်စွက်ရန် တင်ပြနိုင်သည်။ ထိုသို့တင်ပြသည့်အခါ သက်ဆိုင်ရာဌာနအကြီးအမှူး၏ မူလမဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်းသက်သေခံလက်မှတ်ကို တင်ပြရမည်။

( င ) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်တိုးမဲစာရင်းအဖြစ်ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၉)

## သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ရောက်ရှိနေသော ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် ယင်းတို့အား ပြုစုစောင့်ရှောက်နေသော တာဝန်ကျဝန်ထမ်းများအတွက် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၆။ (က) ဆေးရုံအုပ်ကြီးနှင့် အဖွဲ့သည် -

(၁) ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများနှင့် ယင်းတို့အား ပြုစုစောင့်ရှောက်နေသော တာဝန်ကျဝန်ထမ်းများအတွက် မဲစာရင်းကို **ပုံစံ (၁-ဃ)** ဖြင့်ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ဆေးရုံသို့တက်ရောက်ကုသနေသော ဆန္ဒမဲပေးခွင့်ရှိသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် ဆေးရုံမှ ဆင်းနိုင်သည့် အခြေအနေမရှိပါက ယင်းတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်၍ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုရမည်။ ယင်းတို့၏အမည်ကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) မိမိတို့ဆေးရုံရှိ ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များထုတ်ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင် အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို လုံခြုံစွာပိတ်၍ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) ဆေးရုံအုပ်ကြီးနှင့် အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်ပိုး၍ **ပုံစံ (၆-ခ)** ဖြင့် မိမိနှင့်သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။ ထိုသို့ တင်ပြသည့်အခါ သက်ဆိုင်ရာဌာနအကြီးအမှူး၏ မူလမဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြရမည်။

(င) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၁၀)

## အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၇။ (က) လုပ်ငန်းခွင် အကြီးအမှူးနှင့်အဖွဲ့သည် -

(၁) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိလုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် မဲစာရင်းကို **ပုံစံ (၁-င)** ဖြင့် ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များထုတ်ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင်အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို လုံခြုံစွာပိတ်၍ လုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) လုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ **ပုံစံ (၆-ဂ)** ဖြင့် မိမိနှင့်သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်မီ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် အခြားဒေသတစ်ခုသို့ရောက်ရှိသွားသူသည် မိမိရောက်ရှိသည့်ဒေသ၏ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။ ထိုသို့ တင်ပြသည့်အခါ လုပ်ငန်းခွင်အကြီးအမှူး၏ မူလမဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြရမည်။

(င) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၁၁)

## သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ပြင်ပသို့ရောက်ရှိနေသော ရဲစခန်းနှင့် အကျဉ်းထောင်များရှိ အချုပ်သားများအတွက် ကြိုတင်ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၈။ (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့သည် -

(၁) သက်ဆိုင်ရာရဲစခန်းများနှင့် အကျဉ်းထောင်များရှိ အချုပ်သားများအတွက် မဲစာရင်းကို **ပုံစံ (၁-စ)** ဖြင့် ပြုစု၍ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းထောင်သို့ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များထုတ်ပေးရမည်။

(ခ) သတ်မှတ်ထားသော အချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ထောက်ခံလျှင်အမှန် (**Â**) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (**â**) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာရေးခြစ်၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို လုံခြုံစွာပိတ်၍ ရဲတပ်ဖွဲ့စခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) ရဲစခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်ပိုး၍ **ပုံစံ (၆-ခ)** ဖြင့် မိမိနှင့်သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒခံယူပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်မီ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ မိမိနေရပ်သို့ ပြန်ရောက်လာသူသည် မိမိရောက်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။ ထိုသို့တင်ပြသည့်အခါ ရဲတပ်ဖွဲ့ စခန်းမှူး သို့မဟုတ် ထောင်ပိုင်၏ မူလမဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကို တင်ပြရမည်။

(င) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၁၂)

## ဆန္ဒမဲရေတွက်ခြင်း၊ ကြေညာခြင်း

၂၉။ (က) နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (စ) နှင့် (ဆ) တို့အရ မဲရုံပိတ်ပြီးသည့်အခါတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် ၁၀ ဦးအောက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် အောက်ပါတို့ကို ပြုလုပ်ရမည် -

(၁) မဲပုံးကို စစ်ဆေးခြင်း၊

(၂) မဲပုံးကိုဖွင့်ပြီး ဆန္ဒမဲများရေတွက်ခြင်း၊

(၃) ဆန္ဒမဲများရေတွက်ရာတွင် ဥပဒေကြမ်း၏ ပြင်ဆင်သည့်ပုဒ်မ တစ်ခုချင်းအလိုက် ထောက်ခံမဲနှင့် ကန့်ကွက်မဲများကိုခွဲခြား၍ ခိုင်လုံမဲများအဖြစ် ရေတွက်ခြင်းနှင့် စာရင်းပြုစုခြင်း၊

(၄) ပယ်မဲများကိုသီးခြားရေတွက်၍ စာရင်းပြုစုခြင်း၊

(၅) ခိုင်လုံမဲ၊ ပယ်မဲနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို တစ်ထုပ်စီ လုံခြုံစွာထုပ်ပိုးခြင်း။

(ခ) မဲရုံအဖွဲ့သည် မဲစာရင်းပါဆန္ဒမဲပေးသူဦးရေစာရင်း၊ ဥပဒေကြမ်း၏ပြင်ဆင်သည့်ပုဒ်မတစ်ခုချင်း အလိုက် ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသောဆန္ဒမဲလက်မှတ်နှင့် လက်ကျန် ဆန္ဒမဲလက်မှတ်များကို **မဲရုံတွင် ဆန္ဒမဲရေတွက်ရာ၌ အသုံးပြုရမည့်စာရင်း ပုံစံ (၇)** ဖြင့် ပြုစု၍ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားတင်ပြရန်ရှိပါက အထူးအစီရင်ခံစာကို ပေးပို့နိုင်သည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (ခ) အရ **ပုံစံ (၇)** ဖြင့် ပေးပို့သောစာရင်းများကို မဲရုံအလိုက်စုစည်း၍ **ပုံစံ (၈)** ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ပြုစုရမည့်စာရင်းချုပ် ပြုစုပြီး အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) နည်းဥပဒေခွဲ (ဂ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအသီးသီးက **ပုံစံ (၈)** ဖြင့် ပေးပို့သောစာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စုစည်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့် စာရင်းချုပ်ကို **ပုံစံ (၉)** ဖြင့် ပြုစုရမည်။

(၂) နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ဂ)၊ ၂၅၊ နည်းဥပဒေခွဲ (ဂ)၊ ၂၆၊ နည်းဥပဒေခွဲ (ဂ)၊ ၂၇၊ နည်းဥပဒေခွဲ (ဂ) နှင့် ၂၈၊ နည်းဥပဒေခွဲ (ဂ) တို့အရ **ပုံစံ (၆)၊ ပုံစံ (၆-ခ)** နှင့် **ပုံစံ (၆-ဂ)** တို့ဖြင့် ပေးပို့သော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ယင်းမြို့နယ်အတွင်းရှိ ၁၀ ဦးအောက် မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာတွင် ဥပဒေကြမ်း၏ပြင်ဆင်သည့် ပုဒ်မတစ်ခုချင်းအလိုက် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်၍ **ပုံစံ (၉-က)** ဖြင့် ပြုစုရမည်။

(၃) နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (င) အရ **ပုံစံ (၅-ခ)** ဖြင့် ပေးပို့သော ကြိုတင်ဆန္ဒမဲ လက်မှတ်ပါစာအိတ်များကို ယင်းမြို့နယ်အတွင်းရှိ ၁၀ ဦးအောက်မနည်းသော ဆန္ဒမဲ ပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင်ဖွင့်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာတွင် ဥပဒေကြမ်း၏ ပြင်ဆင်သည့် ပုဒ်မတစ်ခုချင်းအလိုက် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်၍ **ပုံစံ (၉-ခ)** ဖြင့် စာရင်းပြုစုရမည်။

(၄) **ပုံစံ (၉)၊ ပုံစံ (၉-က)** နှင့် **ပုံစံ (၉-ခ)** တို့ပါ အချက်အလက်များကို စုပေါင်း၍ **ပုံစံ (၉-ဂ)** တွင် ထည့်သွင်းပြီး အစီရင်ခံစာနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

ယင်း၏မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(င) (၁) နေပြည်တော်ကောင်စီနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၄) အရ **ပုံစံ (၉-ဂ)** ဖြင့် ပေးပို့သောစာရင်းများကို မြို့နယ်အလိုက်စုစည်း၍ နေပြည်တော်ကောင်စီနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့် စာရင်းချုပ်ကို **ပုံစံ (၁၀)** ဖြင့်ပြုစုပြီး ကော်မရှင်သို့ ပေးပို့ရမည်။

(၂) ကော်မရှင်သည် **ပုံစံ (၁၀)** များကို စုစည်း၍ **ပုံစံ (၁၀-က)** ဖြင့် စာရင်းချုပ်ပြုစုရမည်။

(၃) ကော်မရှင်က တာဝန်ပေးအပ်သောအဖွဲ့သည် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) အရ **ပုံစံ (၆-က)** ဖြင့် ပေးပို့၍ ရရှိသောကြိုတင်ဆန္ဒမဲလက်မှတ်များကို ဥပဒေကြမ်း၏ ပြင်ဆင်သည့်ပုဒ်မတစ်ခုချင်းအလိုက် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများခွဲခြား ရေတွက်၍ နိုင်ငံခြားရောက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ ကြိုတင်ဆန္ဒမဲလက်မှတ် စာရင်းချုပ်ကို **ပုံစံ (၁၁)** ဖြင့် ပြုစုပြီး ကော်မရှင်သို့ တင်ပြရမည်။

(၄) ကော်မရှင်သည် **ပုံစံ (၄-က)၊ ပုံစံ (၁၀-က)** နှင့် **ပုံစံ (၁၁)** တို့ပါ အချက်အလက်များကို စုစည်း၍ **ပုံစံ (၁၂)** ဖြင့် စာရင်းချုပ်ပြုစုပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ထောက်ခံဆန္ဒမဲ ပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

(၅) ကော်မရှင်သည် ထိုသို့ဆန္ဒမဲရရှိမှုအခြေအနေကို ကြေညာပြီးနောက် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရမည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်း တင်ပြရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၀။ ကော်မရှင်သည် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ရာတွင် ပြည်ထောင်စုလွှတ်တော်မှ တာဝန်ရှိသူများနှင့် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၃၁။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော လုပ်ငန်းအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

၃၂။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်သည့်ကာလ အတွင်း အပြီးကျင်းပရမည်ဖြစ်သော်လည်း ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် အချို့သောဆန္ဒခံယူပွဲဒေသ၌ ကျင်းပနိုင်ခြင်းမရှိလျှင် ယင်းဆန္ဒခံယူပွဲဒေသအတွက် သတ်မှတ်ကာလကို တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်သည်။

၃၃။ တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရ။

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း**

**(နည်းဥပဒေ ၃ နှင့် ၄)**

နေပြည်တော်ကောင်စီနယ်မြေ၊ ----------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ၊ --------- မဲရုံ၊

| **အမှတ်စဉ်** | **ဆန္ဒမဲပေးခွင့်ရှိသူအမည်** | **ကျား/မ** | **မွေးသက္ကရာဇ်** | **မှတ်ပုံတင်အမှတ်** | **အဘအမည်** | **အမိအမည်** | **နေရပ်လိပ်စာ** | **ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ** |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၏**
**ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၂)/၂၄ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ---------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူး
-------------------------------------------------------- နိုင်ငံ

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-ခ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များ၊ မှီခိုသူများ၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၃)/၂၃ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ----------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

တပ်မှူး
----------------- တပ်
------------------ မြို့နယ်

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-ဂ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပရောက်ရှိနေသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများနှင့် ဂေဟာတွင် နေထိုင်ကြသူများ၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၄)/၂၅ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ----------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး/ကျောင်းအကြီးအမှူး/ဂေဟာမှူး
-------------------------------- မြို့နယ်

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် “အင်္ဂလိပ်စာ” ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-ဃ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ရောက်ရှိနေသော ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် ယင်းတို့အား ပြုစုစောင့်ရှောက်နေသော တာဝန်ကျဝန်ထမ်းများ၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၅)/၂၆ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ---------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဆေးရုံအုပ်ကြီး
-------------------------------- ဆေးရုံ
------------------------------- မြို့နယ်

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-င)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၆)/၂၇ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ---------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

လုပ်ငန်းခွင်အကြီးအမှူး
------------------------------ မြို့နယ်

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။

(၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

ပုံစံ (၁-စ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ရောက်ရှိနေသော ရဲစခန်းနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ၏**
**ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း (ကြိုတင်မဲအတွက်)**
**[နည်းဥပဒေ ၆ (က) (၇)/၂၈ (က) (၁)]**

နေပြည်တော်ကောင်စီနယ်မြေ၊ ---------- တိုင်းဒေသကြီး/ပြည်နယ်၊ --------- မြို့နယ်၊ --------- ရပ်ကွက်/ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသ

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ရဲစခန်းမှူး/ထောင်ပိုင်
------------------------------ မြို့နယ်

မှတ်ချက်။ (၁) ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။
(၂) မလိုသည့်စာသားကို ဖျက်ရန်။

ရှင်းလင်းချက်။ (၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာစာဖြင့် ထည့်သွင်းရာ၌ အခက်အခဲရှိလျှင် "အင်္ဂလိပ်စာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာစာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်နှင့် နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

(၅) လိုအပ်ပါက မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် မှတ်ချက်ပြု ဖော်ပြနိုင်သည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်<br>( ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

အမှတ် ၃၁/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

အေးသန်း ကြည်း ၇၄၃၉၂

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

### ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

အမှတ် ၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်၊ ရန်ကုန်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဟိုပင်) မှ အောက်ပါအရာထမ်း (၄) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ကျောင်း | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ့ |
|---|---|---|---|
| (၁) | ဒေါ်ဖြိုးအိအိငြိမ်း<br>လက်ထောက်ကထိက<br>ဖွံ့ဖြိုးရေးတက္ကသိုလ် | ၁၂-၃-၂၀၁၈ | ၁၂-၃-၂၀၁၉ |

| စဉ် | အမည်၊ ရာထူး၊ ကျောင်း | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ့ |
|---|---|---|---|
| (၂) | ဒေါ်မရှုထုဆိုင်း<br>လက်ထောက်ကထိက<br>ဖွံ့ဖြိုးရေးတက္ကသိုလ် | ၁၂-၃-၂၀၁၈ | ၁၂-၃-၂၀၁၉ |
| (၃) | ဒေါ်သင်းသင်းမော်<br>ဦးစီးအရာရှိ<br>ဒီဂရီကောလိပ်၊ ရန်ကုန် | ၁၂-၃-၂၀၁၈ | ၁၂-၃-၂၀၁၉ |
| (၄) | ဦးဆိုင်းရားထိန်း<br>ကျောင်းအုပ်<br>လူငယ်ကျောင်း (ဟိုပင်) | ၁၂-၃-၂၀၁၈ | ၁၂-၃-၂၀၁၉ |

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## ကုသရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်စွဲပါ စာအမှတ်၊ ၈၆/ရအဖ-၂/၁၉/၂၀၁၉/တမ-၁ နှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်မှန်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၄) ဦးအား အမည်နှင့် ယှဉ်တွဲဖော်ပြပါဆေးရုံများသို့ လုပ်ငန်းအရာရှိ (ဓာတ်မှန်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ခိုင်မိုးသွယ်<br>ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်မှန်)<br>အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊<br>ရန်ကုန်မြို့<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လုပ်ငန်းအရာရှိ (ဓာတ်မှန်)<br>နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်<br>လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၊<br>ရန်ကုန်မြို့<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ခင်သူဇာမျိုး<br>ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်မှန်)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လုပ်ငန်းအရာရှိ (ဓာတ်မှန်)<br>ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး<br>ရန်ကုန်တိုင်းဒေသကြီး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်နန်းနှင်းမွန်အေး<br>ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်မှန်)<br>ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့<br>ဧရာဝတီတိုင်းဒေသကြီး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လုပ်ငန်းအရာရှိ (ဓာတ်မှန်)<br>ပြည်သူ့ဆေးရုံကြီး၊ သန်လျင်မြို့<br>ရန်ကုန်တိုင်းဒေသကြီး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၄။ | ဒေါ်ကျော့လဲ့လဲ့ဆွေ<br>ဆေးဘက်ကျွမ်းကျင် (၂) (ခေတ်မှန်)<br>ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့<br>မန္တလေးတိုင်းဒေသကြီး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လုပ်ငန်းအရာရှိ (ခေတ်မှန်)<br>ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့<br>ရခိုင်ပြည်နယ်<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားသည့် လုပ်ငန်းအရာရှိ (ခေတ်မှန်) သည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာအကြီးအကဲထံသို့ သွားရောက်တွေ့ဆုံရန် ဖြစ်သည်။

ဒေါက်တာမိုးဆွေ၊
ညွှန်ကြားရေးမှူးချုပ်၊
ကုသရေးဦးစီးဌာန။

# ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ် ၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

## အငှားပိုင်ဆိုင်သူက ငှားရမ်းခြင်းအတွက် ပေးရသည့် ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်းနှင့် လစဉ်ငှားရမ်းခပေးချေငွေကိုသာ စရိတ်အဖြစ်နုတ်ပယ်ခွင့်ပြုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အငှားပိုင်ဆိုင်သူက ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်းနှင့် လစဉ်ငှားရမ်းခပေးချေငွေ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေ အပါအဝင်) ကိုသာ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်တွက်ချက်ရာတွင် မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် သတ်မှတ်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် အငှားပိုင်ဆိုင်သူက ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်း၊ လစဉ်ငှားရမ်းခပေးချေငွေ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) ကိုသာ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤထုတ်ပြန်ချက်သည် ပစ္စည်းတစ်ခုခုကို အငှားပိုင်ဆိုင်သူများအပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

### သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ

၄။ **အငှားချထားသူ**ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်းတစ်ခုခုကို သတ်မှတ်ထားသည့်ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါရယူ၍ အငှားချထားသောပစ္စည်း၏ ပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ**ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားယူရာတွင် သတ်မှတ်ထားသည့် ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါ အငှားချထားသူသို့ပေးချေ၍ ငှားယူသူကို ဆိုလိုပါသည်။

၆။ **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခွင့်ရရှိရန်အတွက် အငှားပိုင်ဆိုင်လိုသူက အငှားချထားသူသို့ တစ်လုံးတည်းပေးချေရသည့်ငွေကို ဆိုလိုပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၁၄-က တို့၌ သက်ဆိုင်ရာဝင်ငွေခေါင်းစဉ်အလိုက် ဝင်ငွေတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့် စရိတ်များနှင့် စည်းမျဉ်းများအရပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေတို့ကို နုတ်ပေးရမည်ဖြစ်သော်လည်း **မ-တည်စရိတ်ကို နုတ်ပေးခြင်းမပြုရကြောင်း** ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်**

၈။ ပစ္စည်းတစ်ခုခုကို အငှားချရာတွင် အငှားပိုင်ဆိုင်သူက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ပေးရပါသည်။ ငှားရမ်းမှုသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ပေးချေရခြင်းသည် အငှားပိုင်ဆိုင်ခွင့်ဟူသောအခွင့်အရေးတစ်ရပ်ရရှိရန်အတွက် ပေးချေရခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အငှားချထားသူ၏ ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်နှင့်အညီ လွှဲပြောင်းရယူရန်အတွက်ပေးချေခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ ပေးချေရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) သည် မ-တည်စရိတ်သာ ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် အငှားပိုင်ဆိုင်သူသည် အဆိုပါပစ္စည်းအတွက် ပေးချေရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ပေးချေသည့်နှစ် သို့မဟုတ် ဝင်ငွေနှစ်အတွက် အငှားပိုင်ဆိုင်သူ၏ လုပ်ငန်းမှဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ရာတွင် နုတ်ပယ်ခွင့်မရှိပါ။

၉။ သို့ရာတွင် ယင်းသို့ငှားယူခြင်းအတွက် ပေးချေရသည့် လစဉ်ငှားရမ်းခငွေ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) ကို ပေးချေသည့်နှစ်အတွက် ဝင်ငွေခွန် တွက်ချက်ရာတွင် နုတ်ပယ်ခွင့်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းငွေသည် ၎င်း၏ လုပ်ငန်းအတွက် မ-တည်စရိတ်မဟုတ်ဘဲ မိမိလုပ်ငန်းမှ ဝင်ငွေရရှိစေရန်အတွက် အသုံးပြုရသည့်စရိတ်ဖြစ်သောကြောင့် နုတ်ပယ်ခွင့်ရှိခြင်း ဖြစ်ပါသည်။

**နမူနာဖြစ်စဉ်**

'အေ' သည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ 'အေ' သည် မိမိ၏လုပ်ငန်းဆောင်ရွက်ရန်အတွက် 'ဘီ' ထံမှ အဆောက်အအုံတစ်ခုကို ငှားရမ်းပါသည်။ ငှားရမ်းခြင်းသဘောတူစာချုပ်အရ -

(က) 'အေ' သည် 'ဘီ' ကို အဆောက်အအုံ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၀၀၀,၀၀၀ ပေးရပါသည်။

(ခ) 'အေ' သည် ငှားရမ်းခြင်းသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို 'ဘီ' သို့ ပေးရပါသည်။

**ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း**

'အေ' ပေးရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ သည် 'ဘီ' အနေဖြင့် ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်နှင့်အညီ လွှဲပြောင်းရယူရန် အသုံးပြုရသည့် အရင်းအနှီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ အဆောက်အအုံကို အငှားပိုင်ဆိုင်ခွင့်အတွက် ပေးရသည့်ငွေ ဖြစ်ပါသည်။ 'အေ' အနေဖြင့် ပေးလိုက်ရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို မိမိ၏လုပ်ငန်းမှဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ရာ၌ နုတ်ပယ်ခွင့်မရှိပါ။

သို့ရာတွင် ယင်းသို့ငှားယူခြင်းအတွက် 'အေ' က ပေးချေရသည့် လစဉ်ငှားရမ်းခငွေ ကျပ် ၂,၀၀၀,၀၀၀ သည် (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေ အပါအဝင်သည်) လုပ်ငန်းအတွက် မ-တည်စရိတ် မဟုတ်ဘဲ မိမိလုပ်ငန်းမှ ဝင်ငွေရရှိရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရသော စရိတ်ဖြစ်သဖြင့် ပေးချေသည့်နှစ်အတွက် ဝင်ငွေခွန် တွက်ချက်ရာတွင် နုတ်ပယ်ခွင့် ရှိပါသည်။

၁၀။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပါသည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
( ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice of Special Resolution

**Ntegrator Myanmar Limited**

(Company Registration No. 112311696)

For Members' Voluntary Winding-up

Pursuant to Section 348

1. In accordance with the Special Resolution passed at a duly convened Extraordinary General Meeting of **Ntegrator Myanmar Limited** (the **"Company"**) on 9th April, 2019, it has been resolved that the Company will be wound up by way of Members' Voluntary Winding up under Section 345 (b) of the Myanmar Companies Law 2017, and U Kyaw Swa Myint, Attorney at Law (Advocate License No. 7266) has been appointed as Liquidator of the Company.

2. Therefore, all persons who are claiming to be creditors of the Company are hereby notified to submit details of their claim with any strong documentary evidence in their possession to the Liquidator at the address mentioned hereunder by 15th July, 2019.

3. All persons who are debtors of the Company are also hereby notified to pay or settle any debts owed to the Company to the Liquidator at the address mentioned hereunder by 15th July, 2019.

Mr. Chia Kok Hian
Managing Director
Ntegrator Myanmar Limited

U Kyaw Swa Myint
Liquidator
Myanmar Centre Tower 1, Floor 07, Unit 08,
No. 192, Kaba Aye Pagoda Road,
Bahan Township, Yangon.

NOTICE TO CREDITORS

**MYANMAR PREMIER INTERNATIONAL LAW OFFICE LIMITED**

(VOLUNTARILY WINDING UP)

In accordance with the Special Resolution of Shareholders Meeting held 29-4-2019, **Myanmar Premier International Law Office Limited** was liquidated and U Aung Thein (Advocate) was appointed as liquidator.

Therefore claims and payments if any shall be submitted to liquidator with attached sufficient documents, not later than 3-6- 2019.

Mr. Nithi Soomswasdi
Managing Director
Myanmar Premier International Law Office Limited

U Aung Thein
(B.Econ, D.S, R.L)
Advocate (7598)

NOTICE UNDER SECTION 208 (E)

In the matter of the Myanmar Companies Act and of

**KBZ SHIN KONG MYANMAR CO., LTD**

(In Members' Voluntary Liquidation)

Notice is hereby given that the Final General Meeting of the above Company Under Section 208 (E) of the Myanmar Companies Act will be held at No. (615/1), Pyay Road, Kamayut Township, Yangon, Myanmar on 10th May, 2019 at 10:00 am for the purpose of laying Liquidator's Statements of Accounts of the final winding-up and giving any explanation thereof.

Daw Sandar Aye
B.Com, C.P.A
No. 23, Room (302), Ingyin Street,
Yuzana Garden Housing,
Dagon Seikkan Township, Yangon.

Notice Under Section 357 Myanmar Company Act.

**TAISEI ONCHO COMPANY LIMITED (YANGON BRANCH OFFICE)**

For Eventual Liquidation

The above company's shareholders eventual meeting will be held on 3rd June, 2019 at No. 244, First Floor (Left), Shwebonthar Street, Pabedan Township, Yangon, Myanmar. Under the meeting, Daw Than Than Yu (B.Com, C.P.A, D.B.L) has been appointed Liquidator of the Company, Liquidator's report and return will be presented at the meeting and all member are invited to attend.

Daw Than Than Yu
(B.Com, C.P.A, D.B.L)
Liquidator
Certified Public Accountant

Myanmar Company Act 348

**In Accordance with the KOL GLOBAL CONSTRUCTION MACHINERY COMPANY LIMITED**

(Voluntary Liquidation)

(Reg No : 2623/2011-2012 (14.11.2011) Special meeting is passed at 1-4-2019, Daw May Si (B.Com, C.P.A) is appointed as company's liquidator on that meeting.

Therefore, All persons claiming to be creditor of the above company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at address given below, not later than 3-6-2019.

Tin Maung Naing
Managing Director
Kol Global Construction Machinery Co., Ltd

Daw May Si
(B.Com,C.P.A)
Liquidator
No. (49), 3 Street, Malarmying
Okkyin, Hlaing, Yangon
Phone No. 01522684, 095042447

Myanmar Company Act 348

**In Accordance with the KOL GLOBAL SERVICES COMPANY LIMITED**

(Voluntary Liquidation)

(Reg No. 1873/1997-1998 (26.2.1998) Special meeting is passed at 1-4-2019, Daw May Si (B.Com, C.P.A) is appointed as company's liquidator on that meeting.

Therefore, All persons claiming to be creditor of the above company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at address given below, not later than 3-6-2019.

Tin Maung Naing
Managing Director
KOL Global Services Co., Ltd

Daw May Si
(B.Com, C.P.A)
Liquidator
No. (49), 3 Street, Malarmying
Okkyin, Hlaing, Yangon
Phone No. 01522684, 095042447

**Halla Corporation (Myanmar Representative Office)**

Voluntary Liquidation

With the authority vested by the Resolution of the Board of Directors, effective as of March 31, 2019, the Authorized Officer of **Halla Corporation (Myanmar Representative Office**) hereby appoints Daw Than Than, B.A (Law) LL.B (Advocate), No. 408, Ba Nyar Da La Road, Byaing Yae Oe Sin Kwat Thit, Tamwe Township, Yangon, Myanmar as a liquidator for **Halla Corporation (Myanmar Representative Office) .**

All creditors of **Halla Corporation (Myanmar Representative Office)** are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, not later than 3rd Jan, 2019.

Daw Than Than
B.A (Law) LL.B (Advocate)
Liquidator
No. 408, Ba Nyar Da La Road,
Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

**AWE COMPANY LIMITED**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**AWE COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ နံနက် (၁၁း၀၀) အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ် (၃၅၄)၊ အခန်း (၇) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး မပျက်မကွက်တက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
B.Com, C.P.A (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**တစ်ခုတည်းသော ကမ္ဘာစနစ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(One Global System Trading Co., Ltd)**

(အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲ ကုမ္ပဏီ)

Final Meeting နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ **One Global System Trading Co., Ltd** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၄၁၆၀/၂၀၁၂-၂၀၁၃ (ရက) (၃. ၁. ၂၀၁၃) ဖျက်သိမ်းခြင်းကို (၃. ၆. ၂၀၁၉) နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ အစည်းအဝေးခန်းမတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးမျိုးမြင့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
One Global System Trading Co., Ltd

## Gem Sources Co.,Ltd

(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

(မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ နှိုးဆော်လွှာ)

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် ရှင်းလင်းချက်ပေးရန် အစုရှင်များ၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို အမှတ် - ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ် - ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဒေါ်စိုးစိုးဌေး
(B.Com, C.P.A, D.B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ်-၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊
ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## T.Z.W.A CONSTRUCTION COMPANY LIMITED

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖျက်သိမ်းဆဲ **T.Z.W.A CONSTRUCTION COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ ။ ။ ၇. ၆. ၂၀၁၉

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

U Win Aye
Managing Director
T.Z.W.A Construction Co., Ltd

U KYAW KHIN
B.Com,C.P.A
(PPA-262)

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၃-၅-၂၀၁၉။